ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ Wednesday 9 May 2018 ၉၂၈၁

## နိုင်ငံတော်သမ္မတရုံး ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)

၁။ နိုင်ငံတော်သမ္မတသည် မိမိဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ဆိုင်မှုပစ္စည်းများကို တန်ဖိုးနှင့်တကွစာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂။ အလားတူ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ယခင်ခန့်အပ်ခဲ့သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ထပ်မံခန့်အပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဧည့်သည်အဖွဲ့များအား သီးခြားစီတွေ့ဆုံ

## ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာအိတ်ချ်ဝီရန်တိုအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**အကူအညီပေးရေးဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အင်ဒိုနီးရှားနိုင်ငံမှ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# မြန်မာ့ပညာရေးအတွက် အီးယူအဖွဲ့ဝင်နိုင်ငံများက ယူရိုငွေ ၂၂၁ သန်း ထောက်ပံ့မည်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည့် ဥရောပနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂ အမျိုးသားသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Kristian Schmidt က မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အရည်အသွေးမီပညာရေးတိုးချဲ့နိုင်ရန် ယူရို ၂၂၁ သန်း ထောက်ပံ့ပေးရန် အီးယူအဖွဲ့ဝင်နိုင်ငံများက သဘောတူခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါကြောင်း၊ အဆိုပါ ပံ့ပိုးထောက်ပံ့ငွေများကို ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်ထည့်သွင်းပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ထောက်ပံ့မှုသည် မိတ်ဖက်ပူးပေါင်းမှုနှင့် ယုံကြည်မှုကို ပြသသည့် လက္ခဏာတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပညာရေးရလဒ်များ သိသိသာသာ တိုးတက်ကောင်းမွန်လာစေရေးဆိုသည့် မြန်မာအစိုးရ၏ မြင့်မားသည့်ရည်မှန်းချက်နှင့် မိမိတို့ရည်မှန်းချက် တူညီသည်ဆိုသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ပမာဏသည် မြန်မာနိုင်ငံကဲ့သို့ပင် ထပ်တူညီမျှသော၊ ပြင်းပြသော

**စာမျက်နှာ ၃ ကော်လံ ၅ သို့**

ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ — စာမျက်နှာ - ၅
၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက် — စာမျက်နှာ - ၆
ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက် — စာမျက်နှာ - ၁၁

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## မျိုးစေ့မှန်မှ အပင်သန်မည်

မြန်မာတို့၏ဆိုရိုးစကားတွင် "မျိုးစေ့မှန်မှ အပင်သန်မည်" ဟူသော စကားရှိသည်။ "မျိုးစေ့ မမှန် အပင် မသန်" ဟူသည့် စကားပုံလည်းရှိသည်။ မျိုးကောင်း မျိုးသန့် မဟုတ်သော မျိုးစေ့မှ ပေါက်လာသည့် အပင်သည် သန်သန်စွမ်းစွမ်း ဝေဝေဆာဆာ မရှိသကဲ့သို့ မျိုးရိုးဗီဇ ပင်ကိုညံ့ဖျင်းပါက ထူးချွန်ပေါက်မြောက်နိုင်ခြင်းမရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။

မျိုးစေ့ဟူသည် အပင်ဩဘာက်ပေါက်တော့မည့် အစေ့အဆန် ဖြစ်သည်။ လူသားများတွင်မူ မိခင်ဝမ်းမှ မွေးဖွားပြီးနောက် အသိဉာဏ် ဖွံ့ဖြိုးစ ကလေးသူငယ်အရွယ်ကို ဆိုလိုသည်။ တစ်နည်းဆိုလျှင် အသိအမြင် ဗဟုသုတများ စတင်ပေးဝေရတော့မည့် ကျောင်းနေအရွယ် ကလေးငယ်များကို ဆိုချင်သည်။ ထိုအရွယ် ကလေးငယ်များအား မျိုးစေ့ကောင်းဖြစ်အောင် စတင်ပျိုးထောင်ရပေမည်။ ပညာရေးနယ်ပယ်တွင် အဓိက အကျဆုံး၊ အရေးအကြီးဆုံးမှာ အခြေခံပညာမူလတန်းအဆင့်ဖြစ်သည်။

ကလေးငယ်များအား သင်ကြားမှု၊ သင်ယူမှုပြုရာတွင် ပညာရေးမှ သာလျှင် ပေးစွမ်းမှုပြုနိုင်သည့်အတွက် အခြေခံပညာအဆင့်မှစတင်၍ စနစ်တကျပြုစုပျိုးထောင်ပေးရန် လိုအပ်သည်။ ထို့ကြောင့် ပညာရေး ကဏ္ဍကို အခြေခံပညာမှစ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်လာသည်ကို တွေ့ရသည်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆရာ၊ မိဘ၊ ကျောင်းသား၊ ပြည်သူများ ပူးပေါင်းမှသာ ဆောင်ရွက်၍ ရသည်။ ပညာရေးစနစ်ကို မည်သို့ပင်ပြုပြင်ပြောင်းလဲသော်လည်း ၎င်းတို့ မပူးပေါင်း မပါဝင်လျှင် မည်သို့မျှ အောင်မြင်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ကလေးငယ်အားလုံး အခြေခံပညာသင်ယူပြီးမြောက်အောင် ဦးစွာဆောင်ရွက်ရသည်။ မကြာမီကာလတွင် အခြေခံပညာအဆင့် ကလေးငယ်များ ကျောင်းအပ်နှံရေး ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။ ဤတွင် ကျောင်းစနေမည့် ကလေးငယ်များ ကျောင်းတက်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးရမည် ဖြစ်သည်။ အထူးသဖြင့် ကျောင်းအပ်နှံရေး ဆောင်ရွက်သည့်အခါ ကျေးလက်ဒေသနှင့် ဝေးလံသောဒေသများမှ ကလေးငယ်များအတွက် မွေးစာရင်း၊ သန်းခေါင်စာရင်း မတင်ပြနိုင်လျှင်လည်း ကျောင်းအပ်လက်ခံနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။

ကလေးငယ်များအားလုံး ကျောင်းနေပြီဆိုလျှင် မျိုးစေ့မှန်ပြီး အပင်သန်မည့် ကလေးငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးရမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ဦးဆရာဟုဆိုထိုက်သည့် မိဘများက ကလေးငယ်များ ပညာသင်ကြားရေးကို အားပေးရမည်ဖြစ်သလို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများပါ ပူးပေါင်း၍ သင်ယူမှု ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးကြရမည်ဖြစ်သည်။

ပညာသင်ယူမှုတွင် မူလတန်းပညာသည် အခြေခံကျသည့် အရေးအကြီးဆုံး အုတ်မြစ်ဖြစ်သဖြင့် အညွန့်အညောက်ကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးရမည့် ဥယျာဉ်မှူးများဖြစ်သော မူလတန်းပြ ဆရာ ဆရာမများသည် အရည်အသွေးမြင့်မားသော၊ အတွေ့အကြုံရှိသော၊ ရင့်ကျက်သော ဆရာ ဆရာမများဖြစ်ဖို့ လိုအပ်သည်။ အဆိုပါ ပညာသင်စအရွယ်မှစ၍ ကလေးငယ်များ၏ ဘဝတစ်လျှောက် မှန်ကန်သည့် သင်ယူမှုများကို စဉ်ဆက်မပြတ်သင်ယူနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ကျောင်းတွင် ဆရာများ၏ ပညာသင်ကြားခြင်းနှင့် အိမ်တွင် မိဘများ၏ လမ်းမှန်ညွှန်ပြမှုများမှာလည်း အရေးကြီးပါသည်။ မိမိတို့ သားသမီးများအား ဆုံးမပဲ့ပြင်ခြင်းသာမက ကလေးငယ်များ လူ့လောကသို့ စတင်ဖြတ်သန်းလှုပ်ရှားနေသောအချိန်တွင် မိခင်၊ ဖခင်တို့ ပြဿနာများအား မည်သို့ဖြေရှင်းကြပုံ၊ မည်သို့တွေးခေါ်စဉ်းစားကြပုံ၊ မည်သို့ ရပ်တည်လှုပ်ရှားနေကြပုံများကို ကလေးငယ်များ နေ့စဉ်နှင့်အမျှ သင်ယူနေသည်၊ မှတ်သားနေသည်၊ အတုယူနေသည်တို့ကို သတိပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ အဖူး အပွင့် အညွန့်ကောင်းများဖြစ်လာရမည့် ကလေးသူငယ်များ မှန်မှန်ကန်ကန် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်နှင့် သက်ဆိုင်ရာတို့က ဝိုင်းဝန်းပျိုးထောင် စောင့်ရှောက်ပေးနိုင်ရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## စစ်တွေမြို့၌ နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်တွေ မေ ၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ နာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ပေးပို့သည့် နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင် ဆောင်ရွက်ကြသူများ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များ၊ (၁၀) ကြိမ်အထက် သွေးလှူဒါန်းခဲ့ကြသော အလှူရှင်များ၊ လူနာတင်ယာဉ် လုပ်ငန်းအတွက် အောက်ဆီဂျင်အလှူရှင်နှင့် ဘူးသီးတောင်၊ မောင်တောဒေသများသို့ သွားရောက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တာဝန် ထမ်းဆောင်ခဲ့ကြသော ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု တံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ရခိုင်ပြည်နယ် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသော မှတ်တမ်းဗီဒီယိုကိုပြသပြီး ဂုဏ်ပြု ချီးမြှင့်ခြင်းခံရသူများ ကိုယ်စား ကွင်းဆင်းအရာရှိ ဦးထင်လင်းအောင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ INGO များ၊ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ဘူးသီးတောင် မေ ၈**

ဘူးသီးတောင်မြို့၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး ပညာပေး သင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဆိုင်ကယ်၊စက်ပြင်သင်တန်းကို မေ ၂ ရက်က ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းအား ဘူးသီးတောင်မြို့နယ် ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားပြီး ပြည်နယ် အသေးစား စက်မှုလက်မှု ဦးစီးဌာနမှ သင်တန်းနည်းပြများက သင်ကြားပေးမည်ဖြစ်ပြီး သင်တန်း ကာလမှာ ရက်ပေါင်း ၃၀ ကြာမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့ ကံရိုးစက်မှုအထက်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်



**တောင်ငူ မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူ ပြုစေရန်ရည်ရွယ်၍ မေ ၇ ရက် နံနက် ၉ နာရီခွဲက တောင်ငူမြို့ ကံရိုးကျေးရွာရှိ စက်မှုအထက်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဘသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးဌေးမြင့်က သင်တန်းပို့ချမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

သင်တန်းသို့ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် စက်မှုအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့လက်တွေ့ ရက်သတ္တ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၈**

ရန်ကုန်(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

***၂၄-၄-၂၀၁၈ ရက်နေ့မှ ၃၀-၄-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၈၇ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၈၁၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၈၄၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၃ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၉. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၁၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၀. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၃၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၇. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ **ရွှေဖုံးမှ**

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Ichiro MARUYAMA အား နံနက် ၁၁ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လက်ခံတွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Ichiro MARUYAMA အား လက်ခံတွေ့ဆုံစဉ်။**



❖ **မြန်မာ့ပညာရေးမှ**

ရည်မှန်းချက်ပင်ဖြစ်ပါကြောင်း၊ ယူရို ၂၂၀ သန်းသည် မြန်မာငွေကျပ် ၃၅၆ ဘီလီယံ ဖြစ်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ ဒီမိုကရေစီအနာဂတ်အတွက် ပညာရေးသည် အကောင်းဆုံးအလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု မိမိထင်မြင်ပါကြောင်း။

မြန်မာနိုင်ငံသည် အလွန်ရှည်လျားလှသည့် လမ်းခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ပြီ ဖြစ်ပါကြောင်း၊ လျှောက်လှမ်းရမည့် ခရီးရှည် ထပ်မံရှိနေသေးသည့်အတွက် စိတ်ပိုင်းဖြတ်ပြီး လွန်စွာမြင့်မားလှသည့် ရည်မှန်းချက်ပန်းတိုင်များကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါခရီးလမ်းသည် ရှည်လျားပြီး အဖုအထစ်များ များလှသည့် လမ်းဖြစ်မည်ဆိုပါကလည်း မိမိတို့အနေဖြင့် အဆိုပါလမ်းကို အဆွေတော်တို့နှင့်အတူ ဂုဏ်ယူစွာဖြင့် လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ညစာစားပွဲကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Kristian Schmidt နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။**

# အိန္ဒိယ၌ ဝေးလံခေါင်သီသော အရပ်ဒေသများရှိ ပြည်သူများအတွက် ဆေးရုံရထား ကူညီနေ



**နယူးဒေလီ မေ ၈**
အိန္ဒိယနိုင်ငံ၌ ဆေးရုံများသို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူရန် အလှမ်းဝေးနေသူ ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရန် ရွေ့ပြောင်းနိုင်သော ဆေးရုံရထား လုပ်ငန်းကို တိုးတက်စွာ အကောင်အထည် ဖော်လျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြသည်။

'အသက်သွေးကြော အမြန်ရထား' ဟု အမည်ပေးထားသော ဆေးရုံရထားသည် မိုးပြာရောင် ခြယ်သထားသော ရထားတွဲ ခုနစ်တွဲပါရှိပြီး ရထားတွဲများပေါ်တွင် ခေတ်မီ ခွဲစိတ်ခန်းများနှင့် ကုသရေးအခန်းများပါရှိသည်။ **(ယာပုံ)**

အဆိုပါ ဆေးရုံရထားသည် အိန္ဒိယနိုင်ငံအတွင်း ဝေးလံခေါင်သီသော အရပ်ဒေသများရှိ ပြည်သူများအား ဆေးဝါးကုသပေးမှုကို အခမဲ့ပြုလုပ်ပေးသည်။ ဆင်းရဲနွမ်းပါးသော ပြည်သူများသည် ဆေးရုံရထား ဆိုက်ရောက်လာချိန်တွင် ဆေးဝါးကုသမှု ခံယူနိုင်ကြသည်။

**ဝန်ဆောင်**

အိန္ဒိယနိုင်ငံ၏တစ်နံတစ်လျားတွင် ဆေးရုံများသို့ ရောက်ရှိနိုင်ရန် မိုင်ရာပေါင်းများစွာ ခရီးနှင်ကြရသည့် လူနာများနှင့် လူနာရှင်များအား ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရန် ဆေးရုံရထားကြီးက ခရိုင်တစ်ခု၏ဘူတာရုံကို အခြေစိုက်စခန်းအဖြစ် သတ်မှတ်ကာ ကုသပေးမှုပြုလုပ်သည်။

ခရိုင်တစ်ခုရှိ ဘူတာရုံတွင် တစ်လကြာမျှ ရပ်နားကာ အနီးဝန်းကျင်ရှိ အရပ်ဒေသများမှ ပြည်သူများအား ဆေးဝါးကုသပေးပြီး တစ်ခရိုင်ပြီး တစ်ခရိုင် ခရီးဆက်ကာ ဆေးဝါးကုသမှုပေးသည်။

**ကုသပေး**

လူဦးရေ ၁ ဒသမ ၂၅ ဘီလီယံရှိ အိန္ဒိယနိုင်ငံ၌ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ဆေးဝါးကုသမှု ခံယူနိုင်ခွင့် နည်းပါးလျက်ရှိသည်။ ဝေးလံခေါင်သီသော ကျေးရွာများမှ ပြည်သူများသည် ဆေးဝါးကုသမှု ခံယူနိုင်မည့် မြို့များသို့ ရောက်ရှိနိုင်ရန် မိုင်ပေါင်းများစွာ ခရီးသွားလာကြရသည်။ နိုင်ငံတစ်ဝန်းတွင် လူဦးရေ အချိုးအဆနှင့် နှိုင်းယှဉ်လျှင်ဆေးရုံအရေအတွက်နည်းပါးခြင်း၊ ဆရာဝန်ဦးရေ နည်းပါးခြင်းတို့ ရှိသဖြင့် ရွေ့ပြောင်းအခြေစိုက်ဖွင့်လှစ်နိုင်သော ဆေးရုံရထားကို ဆင်းရဲနွမ်းပါးသော ပြည်သူများ အားကိုးအားထားပြုကြရသည်။

"အသက်သွေးကြော အမြန်ရထား" အမည်ရှိ ဆေးရုံရထားဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော်လာခဲ့သည်မှာ ဆယ်စုနှစ်သုံးစုမျှ ကြာမြင့်ခဲ့ပြီဖြစ်ပြီး သန်းနှင့်ချီသော ပြည်သူတို့အတွက် မျက်လုံးတိမ်စွဲဝေဒနာမှသည် ကင်ဆာရောဂါအထိ ရောဂါဝေဒနာ အမျိုးမျိုးကို ကုသပေးလျက်ရှိသည်။

**အေအက်ဖ်ပီ**

## တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်ဟောင်း လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခံရ

**ပေကျင်း မေ ၈**
တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် ရှီကျင့်ဖျင်၏ အရိုက်အရာကို ဆက်ခံမည့်သူဟု ယခင်က ထင်ကြေးပေးခံခဲ့ရသူ ကွန်မြူနစ်ပါတီမှ ထိပ်တန်းတာဝန်ရှိသူဟောင်း ဆွန်းကျန်းကိုင်သည် လာဘ်ပေးလာဘ်ယူမှုဖြင့် မေ ၈ ရက်တွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခံရကြောင်း၊ ယင်းမှာတရုတ်သမ္မတ ရှီကျင့်ဖျင်၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စစ်ပွဲတွင် နောက်ဆုံး ကျဆုံးရသည့် ကွန်မြူနစ်ပါတီ၏ အထက်တန်း ကေဒါဟောင်းတစ်ဦး ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ တောင်ပိုင်းရှိ မဟာမြို့ကြီးဖြစ်သည့် ချုံချင်းမြို့၏ ကွန်မြူနစ်ပါတီအကြီးအကဲနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆွန်းကျန်းကိုင်သည် လာဘ်ငွေယွမ်သန်း ၁၇၀ ကျော် (အမေရိကန် ဒေါ်လာ ၂၆ ဒသမ ၇ သန်း) ရယူခဲ့သည့် ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထျင်ကျန်းမြို့ရှိ ပြည်သူ့တရားရုံး၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာသည်။

အသက် (၅၄) နှစ် အရွယ်ရှိ ဆွန်းသည် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို)အဖွဲ့ဝင်အဖြစ် ရာထူးအဆင့် တိုးမြှင့်ခံရဖူးပြီး ယင်းပေါ်လစ်ဗျူရိုမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ထိပ်တန်းအဖွဲ့အစည်းဖြစ်သည်။

အသက်အရွယ် အငယ်ဆုံး ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်ခဲ့သော ဆွန်းအား သမ္မတ ရှီကျင့်ဖျင်၏ အရိုက်အရာကို ဆက်ခံနိုင်သူအဖြစ် မျှော်လင့်ခဲ့ကြသည်။

တရားစီရင် စစ်ဆေးရာတွင် ဆွန်းအနေဖြင့် လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့်အတွက် ၎င်းအားသက်ညှာထောက်ထားပြီး ပြစ်ဒဏ်ကို လျှော့ပေါ့ချမှတ်ခဲ့ကြောင်း တရားရုံးက ပြောကြားသည်။

တရားရုံး၏ စီရင်ချက်အပေါ် ရိုးသားစွာဖြင့် နောင်တရရှိမိကြောင်း၊ ပေးအပ်သော ပြစ်ဒဏ်ကို ခံယူမည်ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် အယူခံဝင်လိမ့်မည် မဟုတ်ကြောင်း ဆွန်းက ပြောကြားသည်။

**အေအက်ဖ်ပီ**

# အမျိုးသမီးလေးဦးအား ကာယိန္ဒြေစော်ကားခဲ့သည်ဟု စွပ်စွဲခံရသူ ပြည်နယ် ရှေ့နေချုပ် ရာထူးမှနုတ်ထွက်

**နယူးယောက် မေ ၈**
အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်၏ ရှေ့နေချုပ် အဲရစ်ရှအိန်ဒါမန်းသည် အမျိုးသမီးလေးဦးအား ကာယိန္ဒြေစော်ကားမှုပြုလုပ်ခဲ့သည်ဟု သတင်းများပေါ်ထွက်လာခဲ့ပြီးနောက် ရာထူးမှ ကောက်ကာငင်ကာ နုတ်ထွက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာယိန္ဒြေစော်ကားခံခဲ့ရပါသည်ဟု ထုတ်ဖော်လာသူ အမျိုးသမီးနှစ်ဦးက 'နယူးယော်ကာ'မဂ္ဂဇင်း၏ လူတွေ့မေးမြန်းခန်းတွင် ထုတ်ဖော်ပြောဆိုလိုက်ပြီးနောက် ပြည်နယ်ရှေ့နေချုပ် ရှအိန်ဒါမန်းသည် ရာထူးမှ နုတ်ထွက်ပြီဟု ရုတ်ခြည်းထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ရှေ့နေချုပ် ရှအိန်ဒါမန်းသည် သမ္မတ ဒေါ်နယ်ထရန့်၏ ရီပတ်ဘလီကန် အစိုးရအဖွဲ့အား ဥပဒေနှင့်အညီ တရားစွဲဆိုမှု အမျိုးမျိုးပြုလုပ်ခဲ့ပြီး မီတူးလှုပ်ရှားမှုအတွက် ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်လှုပ်ရှားနေသူ တစ်ဦးလည်း ဖြစ်သည်ဆို၏။

မီတူးလှုပ်ရှားမှုဆိုသည်မှာ အမျိုးသမီးများအား ကာယိန္ဒြေစော်ကားမှု တိုက်ဖျက်ရေး နိုင်ငံတကာ လှုပ်ရှားမှုဖြစ်သည်။




မိမိရာထူးမှ နုတ်ထွက်ခြင်းသည် ပညာရှင်ဆိုင်ရာ ကျင့်ဝတ်ချိုးဖောက်မှုနှင့် သက်ဆိုင်ခြင်း မရှိသကဲ့သို့ ရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်တာများနှင့်လည်း သက်ဆိုင်ခြင်းမရှိကြောင်း၊ မိမိ၏ရုံးလုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ခြင်း မရှိစေရန် အမျိုးသမီးတစ်စုက တားဆီးနှောင့်ယှက်မှုခံရခြင်းကြောင့်သာလျှင် ရာထူးမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း၊ မေ ၈ ရက် ရုံးချိန်ပြီးဆုံးချိန်မှ အစပြု၍ ရာထူးမှ နုတ်ထွက်မှု အာဏာသက်ဝင်ကြောင်း ရှအိန်ဒါမန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိသည် အမျိုးသမီးများ၏ အလိုမတူဘဲ ကာမဆက်ဆံမှုမပြုလုပ်ခဲ့ပါဟူ၍လည်း ရှအိန်ဒါမန်းက ပြောကြားသည်။

**စွပ်စွဲ**

ရှအိန်ဒါမန်း အရက်မူးချိန်တွင် မိမိတို့ကို ပါးရိုက်၊ နားရိုက်လုပ်တတ်ပြီး မိမိတို့အလိုမတူဘဲ ကာမဆက်ဆံရန်လည်း ၎င်းကစေခိုင်းခဲ့သည်ဟု ကာယိန္ဒြေစော်ကားခံခဲ့ရသည်ဟုဆိုသော အမျိုးသမီးလေးဦးအနက် နှစ်ဦးက နယူးယော်ကာမဂ္ဂဇင်းအား ထုတ်ဖော်ပြောဆိုကာ စွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းများ ပေါ်ထွက်လာသည်။

**အေအက်ဖ်ပီ**

# ဂျာမနီတောင်ပိုင်း ဗာဗေးရီးယားပြည်နယ်၌ ရထားနှစ်စင်းတိုက်မိ နှစ်ဦးထက်မနည်း သေဆုံး၊ ၁၄ ဦး ဒဏ်ရာရ

**ဘာလင် မေ ၈**
ဂျာမနီနိုင်ငံတောင်ပိုင်း ဗာဗေးရီးယားပြည်နယ်တွင် ခရီးသည်တင်လော်ကယ်ရထားနှင့် ကုန်တင်ရထားတို့ တိုက်မိမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးပြီး ခရီးသည်အချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ယင်းရထားနှစ်စင်း တိုက်မိရသည့်အကြောင်းရင်းကို လတ်တလောတွင် ရှင်းလင်းစွာ မသိရှိရသေးကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။




ဂျာမနီနိုင်ငံတောင်ပိုင်း အိုင်ချပ်မြို့၏ အပြင်ဘက်တွင် မေ ၇ ရက် ညပိုင်းက ရထားနှစ်စင်းတိုက်မိမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မေ ၇ ရက် ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ ဝန်းကျင်တွင် အင်ဂလိုစတက်ဒ်နှင့် အော့ဇ်ဘတ်မြို့အကြား ရထားသံလမ်းတစ်လမ်းတည်းပေါ်တွင် ရပ်နားထားသည့် ကုန်တင်ရထားကို ခရီးသည်တင်ရထားက ဝင်တိုက်မိခြင်းဖြစ်ကြောင်း ဒတ်ချေဘန်းရထားလုပ်ငန်းက ပြောကြားသည်။

ရထားနှစ်စင်းတိုက်မိမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၄ ဦးရှိပြီး ယင်းတို့အနက် တစ်ဦးတည်းသာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိပြီး အခြားသူများမှာ ဒဏ်ရာပြင်းထန်ကြောင်း ဒတ်ချ်ဘန်းရထားလုပ်ငန်းမှပြောရေးဆိုခွင့်ရှိသူက ဒီပီအေ သတင်းဌာနသို့ ပြောကြားသည်။

ရထားနှစ်စင်းတိုက်မိမှုကြောင့် သေဆုံးရသူနှစ်ဦးမှာ ခရီးသည်တင်ရထား၏ စက်ခေါင်းမောင်းနှင့် အမျိုးသမီးခရီးသည် တစ်ဦးတို့ဖြစ်ပြီး ယင်းရထားနှစ်စင်းတိုက်မိမှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို လတ်တလောတွင် ရှင်းလင်းစွာ မသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၆၀/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)**

**လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| (၁) ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |
| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) | မြစ်ကြီးနား |
| **လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
| (၁) မတူပီမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) | မတူပီ |
| (၂) တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူး |
| (၃) အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်း |
| (၄) သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်း |
| (၅) ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |
| (၆) မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မင်းဘူး |
| (၇) ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ဆိပ်ကမ်း |
| (၈) မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး တိုင်းဒေသကြီးတစ်ခုလုံး (ပြည်ထောင်စုနယ်မြေမှအပ) |

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Ichiro MARUYAMA အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ကော်မတီဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအရောင်းအိမ်ရာတိုက်ခန်းများ ယခုနှစ်အတွင်း အကောင်အထည်ဖော်မည်

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ဖိုးမျှတအရောင်းအိမ်ရာတိုက်ခန်းများကို ယခုနှစ်အတွင်း အကောင်အထည်ဖော်တည်ဆောက်ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

အဆိုပါတိုက်ခန်းများကို ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မြေနေရာစီမံခန့်ခွဲမှု ရရှိပြီးဖြစ်သော မဲကင်းကုန်း၊ ဘိုတပ်ကုန်းနှင့် သမ္မတောတို့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အဆောက်အအုံပုံစံဒီဇိုင်း အတည်ပြုချက်ရရှိရန် စီစဉ်လျက်ရှိကြောင်းနှင့် ယင်းအိမ်ရာများကို တစ်စတုရန်းပေလျှင် ငွေကျပ် ၂၂၅၀၀နှင့် ၂၃၀၀၀ ကြား သတ်မှတ်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အရောင်းအိမ်ရာတွေဆောက်ပြီးရင်လည်း ဝယ်ယူနိုင်တဲ့ အနေအထားမျိုးဖြစ်အောင် တွက်ချက်စဉ်းစားပြီး စီစဉ်ပေးနေပါတယ်၊ အိမ်ရာဝယ်ယူမယ်ဆိုရင် ကိုယ်တတ်နိုင်တဲ့ ငွေပမာဏနဲ့ တိုက်ခန်းအကျယ်ကို ဝယ်ယူနိုင်မှာပါ၊ အခုတွက်ချက်ထားတဲ့ နှုန်းထားအပြင် မရှိမဖြစ်လိုအပ်တဲ့ ရေ၊ မီးနဲ့ လမ်းအတွက် ကုန်ကျငွေလည်း ထပ်မံပါဝင်မှာဖြစ်ပါတယ်၊ ဒီနှစ်အတွင်းမှာပဲ မကြာခင် စတင်တည်ဆောက်တော့မှာပါ၊ ဒီထက်မက မြေနေရာတွေ ရခဲ့ရင်လည်း အရောင်းအိမ်ရာတွေ ထပ်မံတိုးချဲ့တည်ဆောက်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။



ယခင်နှစ်များက ရောင်းချပေးခဲ့သည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းများကို တွေ့ရစဉ်။

ယင်းတန်ဖိုးမျှတ အရောင်းအိမ်ရာတိုက်ခန်းများကို အငြိမ်းစားများ၊ မကြာမီ အငြိမ်းစားယူတော့မည့် ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်း ပြည်သူများနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားသူများကို ဘဏ်ချေးငွေစနစ်ဖြင့် ဦးစားပေးရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်နှစ်များက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းပေါင်း ၁၂၃၂ ခန်းကို တည်ဆောက်ပေးခဲ့ပြီး စတုရန်းပေ ၆၅၀ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းလျှင် မြေညီထပ် ကျပ် ၂၂၃ သိန်း၊ ပထမထပ် ကျပ် ၂၀၈ သိန်း၊ ဒုတိယထပ် ကျပ် ၁၉၃ သိန်း၊ တတိယထပ် ကျပ် ၁၇၈ သိန်းနှင့် စတုတ္ထထပ် ကျပ် ၁၆၃ သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**✻ ခြေစမ်းပွဲများမှ**

ကျန်ရစ်ခဲ့သော်လည်း ပုံမှန်ကစားနေသည့် ကစားသမားအများစုပါဝင်လာသောကြောင့် အင်အားတောင့်တင်းဖွယ်ရှိနေပြီး မြန်မာအသင်းများနှင့် ခြေစမ်းပွဲများမှာ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ လိဒ်ယူနိုက်တက်အသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၂ ဦး၊ ကစားသမား ၂၂ ဦး လိုက်ပါလာပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ခေတ္တတည်းခိုမည့် နိုဗိုတယ်ဟိုတယ်၌ ကြိုဆိုနှုတ်ဆက်သည်။

ခြေစမ်းပွဲများအဖြစ် မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဒ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ရန်ကုန်ပွဲအတွက် ကျပ် ၄၀၀၀၊ ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားပြီး မန္တလေးမြို့၌ ကစားမည့်ပွဲအတွက် ကျပ် ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားသည်။ လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းမည့် MNL All Star အသင်းကို လက်ရှိ MNL ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမား ခုနစ်ဦး၊ ပြည်တွင်းကစားသမား ၁၄ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘောလုံးအင်အားကြီး အင်္ဂလန်နိုင်ငံမှ ကလပ်အသင်းတစ်သင်း လာရောက်ခြင်းဖြစ်သောကြောင့် မြန်မာ့ဘောလုံးလောကအတွက် အပေါင်းလက္ခဏာဆောင်သည့် ရလဒ်ဖြစ်ပြီး မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက် လာရောက်အားပေးပါက ယင်းခြေစမ်းပွဲမှာ ပိုမိုအသက်ဝင်လာဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက်

## ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၉ ခုနှစ်မှာ ပြောင်းလဲအသုံးပြုမယ့် သမိုင်းဘာသာရပ် မေးခွန်းပုံစံသစ်ဟာ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူတို့အတွက် ဖတ်စာအုပ်ကို အလွတ်ကျက်မှတ် ဖြေဆိုရမှု လျော့နည်းစေပြီး ပိုင်းခြားဝေဖန်စဉ်းစား တွေးခေါ်နိုင်မှု (Critical Thinking) ကို ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်တယ်။ မေးခွန်းပုံစံသစ်အရ သင်ခန်းစာတွေကို စ၊ လယ်၊ ဆုံး ကောင်းစွာနားလည်သဘောပေါက်ပြီးမှ ခြုံငုံစဉ်းစား ပိုင်းခြားဝေဖန်ပြီး ဖြေဆိုရမယ့် မေးခွန်းမျိုး ဖြစ်တယ်။ ပဓာနကျတဲ့ သမိုင်းဆိုင်ရာ အသိသညာ (Prime Historical Concepts) တွေကို သိမြင်နားလည်စေဖို့ ဦးတည်တဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

သင်ရိုးညွှန်းတမ်းအနေနဲ့ ပြောင်းလဲမှုရှိမှာမဟုတ်ဘဲ မူလအတိုင်း မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းဆိုပြီး ဖတ်စာအုပ် နှစ်အုပ် ပြဋ္ဌာန်းမှာဖြစ်တယ်။ ပြောင်းလဲတဲ့ မေးခွန်းပုံစံဟာ အလုံးစုံပြောင်းလဲခြင်းမဟုတ်ဘဲ ကျောင်းသား ကျောင်းသူတို့ရဲ့ သင်ကြား၊ သင်ယူမှု အခြေအနေ၊ စာစစ်အတွေ့အကြုံ၊ ဘာသာရပ်ရဲ့ သဘောသဘာဝနဲ့ ဘာသာရပ်လိုအပ်ချက်တို့အပေါ် အစစအရာရာချိန်ထိုးပြီးမှ အနည်းငယ်သာ ပြင်ဆင်ပြောင်းလဲထားခြင်း ဖြစ်တယ်။ ကျောင်းသား ကျောင်းသူတို့နဲ့ ဘာသာရပ်တို့အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး အပိုင်းကဏ္ဍအချို့ကိုသာ မွမ်းမံပြင်ဆင်ထားတာ ဖြစ်တယ်။

၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဆိုပြီး အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်း အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီ၊ ပုဒ်ခွဲတစ်ခုစီမှာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံမိအောင် မေးထားတဲ့ မေးခွန်းဖြစ်တယ်။

မေးခွန်းအပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ) ဆိုပြီး ပါရှိမှာဖြစ်တယ်။

နံပါတ် ၁။ (က) မေးခွန်းက "အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ" ဟူ၍ ဖြစ်တယ်။ (၁) မှ (၁၀) အထိ ၁၀ ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။ ခမ္ဘမိဋ္ဌာန် မေးခွန်းများဟာ ကျောင်းသား ကျောင်းသူတွေရဲ့ ဘာသာရပ်တွင် ကျေညက်မှု၊ စဉ်းစားတွေးခေါ်မှုကို အားပေးပြီး ဖြတ်ထိုးဉာဏ်ကို ဆန်းစစ်တဲ့မေးခွန်း ဖြစ်ပါတယ်။

မေးခွန်း အပိုင်း ၁။ (ခ) မှာ (၁) မှ (၁၀) အထိ ပါဝင်ပြီး အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ ဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ် စုစုပေါင်း ၁၀ ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ် ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။ သင်ခန်းစာများကို လေ့လာရာမှာ အရေးကြီးတဲ့အချက်ဟာ ဘာလဲဆိုတာ ကျောင်းသား ကျောင်းသူတွေရဲ့ ဆင်ခြင်တွေးခေါ်မှုနဲ့ စဉ်းစားဉာဏ်ကို ဖော်ထုတ်လေ့လာဆန်းစစ်တာပဲဖြစ်တယ်။ ဒီအပိုင်းမှာတော့ ယခင်နှစ်က မေးခွန်းမှာ ပါခဲ့တဲ့ "မှား" သို့မဟုတ် "မှန်" ရွေးခိုင်းတဲ့ မေးခွန်း (အပုဒ်ငယ် ငါးပုဒ်)ကို ဖြုတ်လိုက်ပြီး (က)၊ (ခ)၊ (ဂ) ထဲမှ အဖြေမှန်တစ်ခု ရွေးခိုင်းတဲ့မေးခွန်းကို (အပုဒ်ငယ် ငါးပုဒ်မှ ၁၀ ပုဒ်သို့) ပုဒ်ရေတိုးပြီး မေးထားတာ ဖြစ်တယ်။

မေးခွန်းအပိုင်း (ခ) မှ ပုဒ်ခွဲ (၂) ဟာ အောက်ပါတို့အနက်မှ လေးပုဒ်ကို မှတ်စုတိုရေးပါ ဖြစ်တယ်။ (က) မှ (ဇ) အထိပါပြီး မြန်မာ့သမိုင်း လေးပုဒ်နှင့် ကမ္ဘာ့သမိုင်း လေးပုဒ်တို့ ပါဝင်တယ်။ နှစ်သက်ရာ လေးပုဒ်ကို ဖြေဆိုရန်ဖြစ်ပါတယ်။ တစ်ပုဒ် ရမှတ်မှာ ငါးမှတ် ဖြစ်ပြီး ၂၀ မှတ်ဖိုး ဖြေဆိုရမှာဖြစ်တယ်။ သင်ရိုးပါသင်ခန်းစာများမှ အဓိကမှတ်သားသင့်တဲ့ အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။ အလွတ်ကျက်ထားတဲ့စာကို ပြန်လည်ဖြေဆိုခြင်းမျိုးမဟုတ်ဘဲ အဓိကအချက်ကို စဉ်းစားတွေးခေါ်နိုင်ရန် ဖြစ်ပါတယ်။ အပိုင်း (ခ) အပိုင်းမှာ ပြင်ဆင်မှုမရှိဘဲ ၂၀၁၈ မေးခွန်းပုံစံအတိုင်း ဖြစ်တယ်။

အပိုင်း (ဂ) နှင့် (ဃ) ဟာ စာစီစာကုံးပုံစံဖြစ်ပြီး သမိုင်းအကြောင်းအရာနှင့်ပတ်သက်ပြီး ဆက်စပ်တွေးခေါ်တတ်ရန်၊ ကျောင်းသား ကျောင်းသူ၏ ကိုယ်ပိုင်အမြင်ကို တင်ပြဖော်ထုတ်တတ်ရန် မေးထားတာ ဖြစ်တယ်။ မှတ်စုရှည် ရေးရမှာဖြစ်ပြီး သမိုင်းအကြောင်းအရာ၊ အချက်အလက်များကို ဆက်စပ်ပြီး ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) ပုဒ်ခွဲ (၃) မှာ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကိုဖြေဆိုပါ ဖြစ်တယ်။ စာစီစာကုံး ပုံစံဖြစ်တယ်။ မြန်မာ့သမိုင်းမေးခွန်းများဖြစ်ပြီး ယခင်က စုစုပေါင်း ငါးပုဒ် ပါရှိခဲ့ပြီး ယခုမေးခွန်းမှာတော့ စုစုပေါင်း လေးပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း လေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁၅ မှတ် ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (ဃ) ပုဒ်ခွဲ (၄) မှာ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါဖြစ်တယ်။ စာစီစာကုံးပုံစံဖြစ်တယ်။ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး ယခင်က စုစုပေါင်း ငါးပုဒ် ပါရှိခဲ့ပြီး ယခု မေးခွန်းမှာတော့ စုစုပေါင်း လေးပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း လေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ် အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

၂၀၁၈ မေးခွန်းဟောင်းရဲ့ စုစုပေါင်းပေးမှတ်ကတော့ ၂၁၀ ဖြစ်ပြီး ယခု ၂၀၁၉ မေးခွန်းရဲ့ စုစုပေါင်း ပေးမှတ်မှာ ၁၈၀ မှတ် ဖြစ်တယ်။ မေးခွန်း၏ အမှတ်ပြည့်မှာ အမှတ် ၁၀၀ ဖြစ်ပြီး အောင်မှတ်မှာ ၄၀ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာပုံစံဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုတာကိုချည်း အားမပေးဘဲ ကျောင်းသား ကျောင်းသူတွေရဲ့တွေးခေါ်ဆင်ခြင်မှုကိုလည်း အားပေးတဲ့ ခမ္ဘမိဋ္ဌာန်ပုံစံ၊ သင်ရိုးပါ သင်ခန်းစာများမှ အဓိကမှတ်သားသင့်တဲ့အချက်တွေကို နားလည်သိရှိမှု ရှိ၊ မရှိစစ်ဆေးတဲ့ မှတ်စုတိုပုံစံ၊ သမိုင်းအကြောင်းအရာကို ဆက်စပ်ပြနိုင်ပြီး အကြောင်းအရာများကို ဝေဖန်သုံးသပ်ချက်များနှင့် စာစီစာကုံးပုံစံရေးရမယ့် မေးခွန်းရှည်ဆိုပြီး မတူကွဲပြားတဲ့ ချဉ်းကပ်မှုတွေနဲ့ ချဉ်းကပ်ဖြေဆိုတတ်အောင် ပြင်ဆင်ထားတဲ့ မေးခွန်းပုံစံ ဖြစ်ပါတယ်။ မေးခွန်းတစ်ခုလုံးဟာ ပြဋ္ဌာန်းစာအုပ်တွေကို လွှမ်းခြုံပြီး ဖြေနိုင်ဖို့ ဦးတည်ထားတဲ့ မေးခွန်းပဲဖြစ်တယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူများကို သမိုင်းရဲ့သဘော အကဲဖြတ်တတ် ခြင်း၊ ကောက်ချက်ချတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း၊ သင်ခန်းစာယူတတ်ခြင်း စတဲ့ သမိုင်းအမြင် ရင့်သန်လာစေဖို့ အထောက်အကူပြုတဲ့ မေးခွန်းပုံစံ ဖြစ်ပါတယ်။

ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေကို အကြံပြုချင်တာကတော့ သမိုင်းဘာသာရပ်ကို လေ့လာရာမှာ ပြဋ္ဌာန်းစာအုပ်ရဲ့ တစ်စိတ်တစ်ပိုင်းကိုသာ ရွေးချယ်လေ့လာကျက်မှတ်တာမျိုးမလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို ကျေညက်အောင် လေ့လာရမှာ ဖြစ်တယ်။ ၂၀၁၉ မေးခွန်းဟာ ၂၀၁၈ မေးခွန်းနှင့် သိပ်ကွာခြားတဲ့ ပြောင်းလဲမှုမရှိပါဘူး။ ကျောင်းသားတွေရဲ့ ဆင်ခြင်တွေးခေါ်မှုနဲ့ စဉ်းစားဆင်ခြင်ဉာဏ်ကို ရင့်သန်စေဖို့ ဦးတည်ပြီး အနည်းငယ်သာ ပြောင်းလဲထားတာဖြစ်တယ်။ ဒါ့ကြောင့် ကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲမရှိဘဲ ဖြေဆိုနိုင်မယ့် မေးခွန်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ။

(နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ၁၀-၅-၂၀၁၈ ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။)

**၂၀၁၉ ခုနှစ် မတ်လတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်နှင့် ၂၀၁၈ ခုနှစ်အထိ ကျင့်သုံးလျက်ရှိသည့် မေးခွန်းပုံစံတို့ နှိုင်းယှဉ်ဇယား**

| လက်ရှိမေးခွန်းပုံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် | မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် |
| **အပိုင်း (က)**<br>၁။ (က) | အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။<br>(၁၀) ပုဒ်မေး (၁၀) ပုဒ်ဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀) မှတ် | **အပိုင်း (က)**<br>၁။ (က) | အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။<br>(၁၀) ခုမေး (၁၀) ခုဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀) မှတ် |
| ၁။ (ခ) | အောက်ဖော်ပြချက်များကို "မှား" (သို့မဟုတ်) "မှန်" ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။<br>(၅) ပုဒ်မေး (၅) ပုဒ် ဖြေ၊<br>(၁) မှ (၃) မြန်မာ့သမိုင်း<br>(၄) မှ (၅) ကမ္ဘာ့သမိုင်း | (၅) မှတ် | | | |
| ၁။ (ဂ) | အောက်ဖော်ပြပါ မေးခွန်း တစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေ စာအုပ်တွင် ရေးပါ။<br>(၅) ပုဒ်မေး (၅) ပုဒ် ဖြေ၊<br>(၁) မှ (၂) မြန်မာ့သမိုင်း<br>(၃) မှ (၅) ကမ္ဘာ့သမိုင်း | (၅) မှတ် | ၁။ (ခ) | အောက်ဖော်ပြပါ မေးခွန်း တစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေ စာအုပ်တွင် ရေးပါ။<br>(၁၀) ခုမေး (၁၀) ခုဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀) မှတ် |
| **အပိုင်း (ခ)**<br>၂။ | အောက်ပါတို့အနက်မှ လေးပုဒ် ကို မှတ်စုတို ရေးပါ။<br>(၈) ပုဒ်မေး (၄) ပုဒ် ဖြေ၊<br>(က) မှ (ဃ) အထိ မြန်မာ့သမိုင်း<br>(င) မှ (ဇ) အထိ ကမ္ဘာ့သမိုင်း | (၂၀) မှတ် | **အပိုင်း (ခ)**<br>၂။ | အောက်ပါတို့အနက်မှ လေးပုဒ် ကို မှတ်စုတို ရေးပါ။<br>(၈) ပုဒ်မေး (၄) ပုဒ် ဖြေ၊<br>(က) မှ (ဃ) အထိ မြန်မာ့သမိုင်း<br>(င) မှ (ဇ) အထိ ကမ္ဘာ့သမိုင်း | (၂၀) မှတ် |
| **အပိုင်း (ဂ)**<br>၃။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၅) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>မြန်မာ့သမိုင်း | (၃၀) မှတ် | **အပိုင်း (ဂ)**<br>၃။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၄) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>မြန်မာ့သမိုင်း | (၃၀) မှတ် |
| **အပိုင်း (ဃ)**<br>၄။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၅) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>ကမ္ဘာ့သမိုင်း | (၃၀) မှတ် | **အပိုင်း (ဃ)**<br>၄။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၄) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>ကမ္ဘာ့သမိုင်း | (၃၀) မှတ် |
| စုစုပေါင်း မေးအမှတ်ပေါင်း | | ၂၁၀ | စုစုပေါင်း မေးအမှတ်ပေါင်း | | ၁၈၀ |

**လက်ရှိအသုံးပြုလျက်ရှိသော**
**ရန်ကုန်တက္ကသိုလ် (၂၀၁၈) သမိုင်း ဘာသာရပ် တက္ကသိုလ် ဝင်စာမေးပွဲ မေးခွန်းပုံစံနှင့်**
**(၂၀၁၉) တွင် ပြောင်းလဲမည့် မေးခွန်းပုံစံနှိုင်း ယှဉ်ချက်**

| စဉ် | အထူးပြု | မေးခွန်းနံပါတ် | (၂၀၁၈) ယခင်ပေးမှတ် | (၂၀၁၉) ယခုပေးမှတ် | မှတ်ချက် |
|---|---|---|---|---|---|
| | သမိုင်း | အပိုင်း (က) | | | ၁ (က၊ ခ၊ ဂ) မှ ၁(က၊ ခ)သို့ပြောင်း |
| | | ခမ္ဘမိဋ္ဌာန် | ၂၀ | ၂၀ | |
| | | အပိုင်း (ခ) | | | မပြောင်းလဲပါ |
| | | မှတ်စုတို | ၄၀ | ၄၀ | |
| | | အပိုင်း (ဂ) | | | ယခင် (၅) ပုဒ်၊ ယခု (၄)ပုဒ် |
| | | မေးခွန်းရှည် (မြန်မာ့သမိုင်း) | ၇၅ | ၆၀ | |
| | | အပိုင်း (ဃ) | | | ယခင် (၅) ပုဒ်၊ ယခု (၄) ပုဒ် |
| | | မေးခွန်းရှည် (ကမ္ဘာ့သမိုင်း) | ၇၅ | ၆၀ | |
| စုစုပေါင်း | | | ၂၁၀ | ၁၈၀ | |

**(၂၀၁၉) တက္ကသိုလ် ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာနှင့် ပတ်သက်သည့် ရှင်းလင်းချက်**

၁။ တက္ကသိုလ် ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာတွင်အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ) နှင့်အပိုင်း (ဃ)ဟူ၍ အပိုင်း (၄) ပိုင်းပါရှိပါသည်။ အပိုင်း(၄)ပိုင်းစလုံးကို ဖြေဆိုရမည်ဖြစ်သည်။

| အပိုင်း (က) | | | | | | |
|---|---|---|---|---|---|---|
| မေးခွန်း | ပုဒ်ခွဲ | မေးခွန်းအမျိုးအစား | မြန်မာသမိုင်း ပုဒ်ရေ | ကမ္ဘာ့သမိုင်း ပုဒ်ရေ | ပေးမှတ် | မှတ်ချက် |
| ၁ | က | ကွက်လပ်ဖြည့် | ၅ | ၅ | ၁၀ | *No Choice* |
| | ခ | အဖြေမှန်တစ်ခုရွေး | ၅ | ၅ | ၁၀ | |
| **အပိုင်း (ခ)** | | | | | | |
| ၂ | (က) မှ ဇ) | မှတ်စုတို | ၄ | ၄ | ၂၀ | *4 out of 8* |
| **အပိုင်း (ဂ)** | | | | | | |
| ၃ | (၁) မှ (၄) | မေးခွန်းရှည် | ၄ | – | ၃၀ | *2 out of 4* |
| **အပိုင်း (ဃ)** | | | | | | |
| ၄ | (၁) မှ (၄) | မေးခွန်းရှည် | – | ၄ | ၃၀ | *2 out of 4* |

# NV Card ကိုင်ထားသူနှင့် လွတ်လပ်စွာသွားလာခွင့်

**■ မောင်မုဒိတာ**

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ မြန်မာနိုင်ငံအတွင်း အစဉ်အဆက်နေထိုင်သူမှန်ကန်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) မှတ်ပုံတင်လက်မှတ်၊ သက်သေခံကတ်ပြားစသည့် ကတ်ပြား၊ လက်မှတ်တစ်မျိုးမျိုး ရယူကိုင်ဆောင်ရရှိရန် လိုအပ်ပါသည်။

NV Card ဆိုသည်မှာ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ် (Identity Card for National Verification) ဖြစ်ပါသည်။ NV Card မထုတ်ပေးခင်က ယာယီသက်သေခံလက်မှတ် (White Card) ထုတ်ပေးခဲ့ပါသည်။ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ၅၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်နှင့် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ(၃)ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ ထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ်များအား ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးကြောင်းနှင့် သက်တမ်းကုန်လက်မှတ်များအား ၂၀၁၅ ခုနှစ် မေလ ၃၁ ရက် နောက်ဆုံးထားအပ်နှံကြရန် နိုင်ငံတော်သမ္မတရုံး၏ (၁၁-၂-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ NV Card ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ NV Card အား ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးမဟုတ်သူများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသူများနှင့် နိုင်ငံသားစိစစ်ရန် လိုအပ်သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ ဟုတ်မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်နေဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်ထုတ်ပေးခဲ့သော ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ခဲ့သူအများစုတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များဖြစ်သဖြင့် ထိုသူများအား တစ်ဖက်နိုင်ငံသားများနှင့် ခွဲခြားနိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်ကြောင်း သက်သေခံနိုင်ရန်အတွက် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား NV Card ထုတ်ပေးရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဥပဒေနှင့်အညီ စိစစ်သတ်မှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

NV Card ကို ရခိုင်ပြည်နယ် တစ်ခုတည်း၌သာ ထုတ်ပေးသည်ဟု အားလုံးက ထင်နေကြသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၌ ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ၁-၆-၂၀၁၅ ရက်မှ ၂၄-၄-၂၀၁၈ ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် ၆၁၉၆၁ ဦး ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အနေဖြင့် ၁၅၄၂၄ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ NV Card ကိုင်ဆောင်သူများသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်ကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေအရ နိုင်ငံသားဖြစ်မှုအရည်အချင်းနှင့် ကိုက်ညီသည့် သတ်မှတ်ကတ်ပြားတစ်မျိုးမျိုးရရှိပြီးနောက်တွင် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိခံစားကြရကြောင်း သိရသည်။

NV Card ကိုင်ခွင့်ရှိထားသူများအတွက် လိုက်နာဆောင်ရွက်ရမည့် တာဝန်များလည်း ရှိသည်။ NV Card ကိုင်ဆောင်ထားသူအနေဖြင့်-

(၁) NV Card ကို သေချာစွာသိမ်းဆည်းထားရမည့်အပြင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တာဝန်ရှိသူက တောင်းဆိုသည့်အခါ ထုတ်ပြရမည်။
(၂) NV Card ကို မလွှဲပြောင်းရ၊ သို့တည်းမဟုတ် မလွှဲအပ်ရ။
(၃) NV Card ပျောက်ဆုံး သို့တည်းမဟုတ် ပျက်စီး သို့တည်းမဟုတ် မထင်မရှားဖြစ်လျှင် ဆိုင်ရာမြို့နယ်လဝကရုံးသို့ တိုင်ကြားရမည်။
(၄) NV Card ပေါ်တွင် မည်သည့်အမှတ်အသား၊ မည်သည့် လွှဲပြောင်းချက်မျှ မပြုလုပ်ရ။
(၅) မိမိထံ၌ NV Card တစ်ခုထက်ပို၍ မရှိစေရ။
(၆) NV Card တစ်ခုကောက်ရလျှင် ချက်ချင်းစာရင်းထိန်းထံ သွားရောက်အပ်နှံရမည်။
(၇) NV Card ကိုင်ဆောင်သူသေဆုံးလျှင် အိမ်ထောင်ဦးစီး သို့တည်းမဟုတ် အိမ်သားတစ်ဦးဦးမှ သက်သေခံကတ်ပြားကို ခုနစ်ရက်အတွင်း အပ်နှံရမည်။
(၈) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်အား လိုက်နာရမည်။
(၉) ခရီးသွားလျှင် သက်ဆိုင်ရာတာဝန်ရှိသူများက တောင်းခံပါက ထုတ်ပြနိုင်ရန်အလို့ငှာ မိမိနှင့်အတူ NV Card ကို ယူဆောင်သွားရမည်။
(၁၀) မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား၊ နိုင်ငံသားပြုခွင့် လက်မှတ်ကို ရရှိပါက NV Card အား ပြန်လည်အပ်နှံရမည်။
(၁၁) မည်သူမဆို အထက်ပါအချက်တစ်ခုခုကို ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်ပါက အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၂)အရ အရေးယူခြင်းခံရမည်။

NV Card ကိုင်ဆောင်သူအနေဖြင့် ယခုကဲ့သို့ လိုက်နာဆောင်ရွက်ရသလို NV Card ကိုင်ဆောင်ခြင်းအတွက် ရရှိခံစားရမည့် အခွင့်အရေးများလည်း ရှိသည်။ ဒါတွေကတော့ -

(၁) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူများဖြစ်ကြောင်း ဤကတ်ပြားဖြင့် သက်သေခံနိုင်သည်။
(၂) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ သို့သော် နိုင်ငံသားစိစစ်မှုခံယူနေစဉ်အတွင်း NV Card ကိုင်ဆောင်ထားရှိရန် လိုအပ်သည်။
(၃) လျှောက်ထားလာသူအား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးရမည်။ ဆုံးဖြတ်ပေးသည့် နိုင်ငံသားအဆင့်အတန်းနှင့်အညီ ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများ ရရှိမည်။
(၄) NV Card ကိုင်ဆောင်သူမိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှု ခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။
(၅) NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့် အရပ်ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။
(၆) ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဝင်၊ ထွက်ဂိတ်မှတစ်ဆင့် BP လက်မှတ်ဖြင့် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ထွက်သွားလာနိုင်ခွင့်ရှိသည်၊
(၇) ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် မိမိနေထိုင်ရာ မြို့နယ်အတွင်း လွတ်လပ်စွာခရီးသွားလာခွင့်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။
(၈) NV Card ကိုင်ဆောင်ထားသူသည် မြန်မာနိုင်ငံ၏အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများနည်းတူ ဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာရေပိုင်နက်သို့ (ရေလုပ်ငန်းအပါအဝင်) ထွက်ခွာခွင့်ရှိသည်။ (အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် ရေလုပ်ငန်းဆောင်ရွက်ရန်အတွက် NV Card အပါအဝင် နိုင်ငံတော်အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးနှင့် ရေလုပ်ငန်းလိုင်စင်ပါရှိရမည်)

ဒီအချက်တွေက အတိအကျရှိသည်။ တာဝန်နှင့် အခွင့်အရေး ယှဉ်တွဲနေသည်။ လဝက က ထုတ်ပြန်ထားသလို ရခိုင်ပြည်နယ်တွင် ဗမာ၊ ရခိုင်၊ ဘင်္ဂါလီစသည့် ဘာသာစကားသုံးမျိုးဖြင့် ထုတ်လွှင့်နေသည့် မေယု FM ရေဒီယိုကလည်း ထုတ်လွှင့်ပေးနေသည်။ ဒေသအလိုက် သက်ဆိုင်ရာ လဝကရုံးများကလည်း လက်ကမ်းစာစောင်များ ဝေငှကြသည်။ ကျေးရွာတွေ IDP စခန်းတွေမှာလည်း တာဝန်ရှိသူတွေ ရောက်ရှိကြသည့်အချိန်တိုင်း ရှင်းလင်းချပြကြကြောင်း ရုပ်မြင်သံကြား၊ သတင်းစာများမှာလည်း နေ့စဉ်နှင့်အမျှ သိရှိနေရသည်။

NV Card သည် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေနိုင်သည့် ပထမခြေလှမ်းဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ NV Card ရရှိသူသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေခံသည်။ ပြီးလျှင် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။ လျှောက်ထားမှုကို ဥပဒေနှင့်အညီ စိစစ်ပြီးပါက နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးပြီး ဥပဒေအရ သတ်မှတ်သည့် အခွင့်အရေးများရရှိမည်။ NV Card ကိုင်ဆောင်သူရရှိမည့် အခွင့်အရေးများ၌ အတိအကျဖော်ပြထားသည်။

ထို့ကြောင့် NV Card သည် နိုင်ငံသားအခွင့်အရေး ရရှိခံစားနိုင်ရေးအတွက် ပထမဆုံးသော ဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ NV Card ကိုင်ဆောင်ထားသည့်အတွက် ဒီနိုင်ငံအတွင်း နေထိုင်သူအဖြစ်သာ အသိအမှတ်ပြုထားခြင်းဖြစ်သည်။ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားဆိုသည့်အတိုင်း စိစစ်ခံရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှိသေးသည်။

NV Card စတင်ထုတ်ပေးသည့် ၁-၆-၂၀၁၅ ရက်နေ့မှသည် ၂၄-၄-၂၀၁၈ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် NV Card စုစုပေါင်း ၆၁၉၆၁ ဦး ထုတ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ခံရန် လျှောက်ထားသူများအနက် နိုင်ငံသားကတ်ပြားရရှိသူ ၉၁ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၅၂၅ ဦး စုစုပေါင်း ၆၁၆ ဦးရှိကြောင်း သိရှိရသည်။ ၎င်းတို့သည် ဥပဒေအရ နိုင်ငံသား

> “ NV Card ကို ရခိုင်ပြည်နယ် တစ်ခုတည်း၌သာ ထုတ်ပေးသည်ဟု အားလုံးက ထင်နေကြသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၌ ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ၁-၆-၂၀၁၅ ရက်မှ ၂၄-၄-၂၀၁၈ ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် ၆၁၉၆၁ ဦး ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အနေဖြင့် ၁၅၄၂၄ ဦး ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။
>
> ရခိုင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ NV Card ကိုင်ဆောင်သူများသည် နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်ကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေအရ နိုင်ငံသားဖြစ်မှုအရည်အချင်းနှင့် ကိုက်ညီသည့် သတ်မှတ်ကတ်ပြားတစ်မျိုးမျိုးရရှိပြီးနောက်တွင် နိုင်ငံသား အခွင့်အရေးကို အပြည့်အဝရရှိခံစားကြရကြောင်း သိရသည်။ ”


အခွင့်အရေး အပြည့်အဝရရှိသွားကြပြီ ဖြစ်သည်။ ယခင်က NV Card ကိုင်ဆောင်သူက နိုင်ငံသားစိစစ်ခံရန် လျှောက်ထားရာတွင် အချိန်အကန့်အသတ်မရှိ ကြန့်ကြာမှုများရှိခဲ့သော်လည်း ယခုအစိုးရလက်ထက်တွင် NV Card ကိုင်ဆောင်သူမှ နိုင်ငံသားစိစစ်ခံရန် စတင်လျှောက်ထားချိန်မှ ငါးလအတွင်း စိစစ်၍ ဥပဒေအရ ၎င်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ရခိုင်ပြည်နယ်အတွင်း၌ NV Card ပြုလုပ်သူအားဆန့်ကျင်ဘက် အကြမ်းဖက်သမားများက ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှု၊ ဖိအားပေးမှုများကြောင့် လာရောက်လျှောက်ထား ကိုင်ဆောင်သူ နည်းပါးနေသေးသည်။ ထို့ကြောင့် နိုင်ငံသားစိစစ်ရန်အတွက်လည်း လျှောက်ထားမှု နည်းနေသေးကြောင်း တွေ့ရသည်။

NV Card ကိုင်ဆောင်သူအတွက် ရရှိခံစားနိုင်မည့် အခွင့်အရေးတွေက အတိအကျ သတ်မှတ်ထားသည်။ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း တရားဝင် နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) ဖြင့် ဝင်ထွက်သွားလာခွင့်ပေးထားသည်။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် NV Card ကိုင်ထားခြင်းကြောင့် နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် လွတ်လပ်စွာငါးဖမ်းခွင့်ရှိပြီး နှစ်နိုင်ငံတာဝန်ရှိသူများမှ စစ်ဆေးပါက မြန်မာဘက်တွင် နေထိုင်သူအဖြစ် လုံလောက်သည့်အထောက်အထား သက်သေခံကတ်ပြားဖြစ်သည်။ NV Card ကိုင်ဆောင်ထားသူများအနေဖြင့် ပညာရေး၊ လူမှုရေးကိစ္စရပ်များ၊ အရေးပေါ် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များရှိ၍ ခရီးသွားလာလိုပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကလည်း ဦးစားပေးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ သူပြောကိုယ်ပြော သံသယရှိနေသည်က NV Card ကိုင်ဆောင်ထားသူသည် နေထိုင်ရာဒေသမှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်သို့ လွတ်လပ်စွာသွားလာခွင့်ကိစ္စဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို သွားလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ခရီးသွားလာခွင့်လျှောက်ထားရမည်။ ခွင့်ပြုမှသာ ယာယီခရီးသွားလာခွင့်လက်မှတ်ပုံစံ(၄)ဖြင့် ခရီးသွားရမည်ဖြစ်သည်။

ယခင်ကတည်းက ထုတ်ပြန်ထားပြီးဖြစ်သလို ယခုလည်းပဲ ယင်းအမိန့်၊ ညွှန်ကြားချက်များအတိုင်းသာဖြစ်ကြောင်း သိရသည်။ နိုင်ငံသားစိစစ်မှု မခံယူဘဲနှင့်၊ ဥပဒေအရ နိုင်ငံသားအဆုံးအဖြတ်မပေးဘဲနှင့် နိုင်ငံသားအခွင့်အရေးတော့ တန်းတူယူ၍ မရနိုင်ချေ။ တစ်နည်း NV Card ကိုင်ပြီး နိုင်ငံအတွင်း လွတ်လပ်စွာတော့ သွားလာခွင့်မရနိုင်။ ခွင့်ပြုချက်တော့ယူရမည်။ အကျိုးအကြောင်း ဖော်ပြလျှောက်ထားရမည်။ လွတ်လပ်စွာသွားလိုလျှင်တော့ သူကိုယ်တိုင်က နိုင်ငံသားစိစစ်မှု အမြန်ဆုံးဆောင်ရွက်ရမည်မှာ သေချာလှသည်။

ဒီလိုမှမဟုတ်လျှင်တော့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံ ခွင့်ပြုချက်တင်ပြသွားလာနေရမည်သာ။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် ပြီးသည်နှင့် ဗဟိုအဆင့် စိစစ်ဆုံးဖြတ်ပြီးပါက သတ်မှတ်သည့် နိုင်ငံသားအရည်အချင်းအရ၊ ဥပဒေအရ သတ်မှတ်ပေးထားသော အခွင့်အရေးများ အပြည့်အဝ ခံစားရရှိစေမည်ဖြစ်သည်။ သို့ပါ၍ NV Card ကိုင်ဆောင်သူ၏ နိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်သည် သက်ဆိုင်ရာ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်ရရှိမှသာဖြစ်ပါကြောင်း သိရှိသမျှအား အများပြည်သူသို့ ချပြအသိပေးမျှဝေရင်း မုဒိတာပွားလိုက်ရပါသည်။ ။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အီတလီသံအမတ်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံ ဝန်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti ဦးဆောင်သည့် ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့ (Joint Peace Fund-JPF) အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့(JPF) စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ တပ်မတော်မှ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့( JPF)က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ရာ၌ ဖြစ်စဉ်ဖြစ်ရပ်အမှန်အတိုင်း လေ့လာသိရှိဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာအိတ်ချ်ဝီရန်တို ဦးဆောင်သည့်အဖွဲ့အား မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ပြဿနာ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုပြဿနာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် မေ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာအိတ်ချ်ဝီရန်တို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက် ညပိုင်းက နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အင်ဒိုနီးရှားနိုင်ငံ ညှိနှိုင်းရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ M-Gallery Hotel ၌ အလုပ်သဘော နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ညှိနှိုင်းရေးဝန်ကြီးနှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။ **သတင်းစဉ်**

☆ ကျောဖုံးမှ

ဆောင်ရွက်ချက်အားနည်းတာ တွေ့ရတဲ့အတွက် အစည်းအဝေးပြီးတိုင်း နှစ်ဖက် တပ်မှူးတွေ တွေ့ဆုံပြီးတော့ ယုံကြည်မှုတည်ဆောက်ထားဖို့၊ ပစ်ခတ်တိုက်ခိုက်မှု မရှိအောင် ဆောင်ရွက်သွားဖို့ ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

JMC လုပ်ငန်းတွေ ပိုမိုတိုးတက်အောင်မြင်ဖို့အတွက် ဖွဲ့စည်းထားပြီးသား JMC တွေအနေနဲ့ လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ဖို့ ပဋိပက္ခအများဆုံး ဖြစ်ပေါ်နေတဲ့ ဒေသတွေမှာ JMC-L တွေကို တိုးချဲ့ဖွင့်လှစ်နိုင်ဖို့နဲ့ ဒေသခံအရပ်သား စောင့်ကြည့်သူတွေကို ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့အတွက် ဆက်လက် ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ ဒါကတော့ JMC-S ကနေပြီးတော့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

လက်ရှိ မိမိတို့ရဲ့ JMC ဆောင်ရွက်ပုံဟာ အခြားနိုင်ငံတွေ ဆောင်ရွက်ပုံနဲ့မတူဘဲ သီးခြားပုံစံအဖြစ် ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ တတိယအဖွဲ့အစည်းဖြစ်တဲ့ ကြားနေစောင့်ကြည့်ရေးအဖွဲ့မှာ အခြားနိုင်ငံက နိုင်ငံခြားသားတွေကို ပါဝင်ခွင့်မပြုထားဘဲ ပဋိပက္ခဒဏ်ခံနေရတဲ့ ပြည်သူတွေရဲ့ ကိုယ်စားလှယ်တွေကို ထည့်သွင်းဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒါကြောင့် အရပ်သားကိုယ်စားလှယ်များ ပါဝင်မှုဟာ အလွန်အရေးကြီးတယ်ဆိုတာကို ပြောကြားလိုပါတယ်။

JMC ဟာ စောင့်ကြည့်ခြင်း၊ စိစစ်အတည်ပြုခြင်း၊ ပဋိပက္ခ ဖြေရှင်းခြင်းကို ဆောင်ရွက်နေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ စောင့်ကြည့်ခြင်းနဲ့ ပတ်သက်ပြီးတော့မှ သတ်မှတ်ထားတဲ့ စာချုပ်ရဲ့ ကတိကဝတ်တွေကို သက်ဆိုင်ရာ JMC များအလိုက် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ လိုအပ်ရင် စိစစ်အတည်ပြုရေးအဖွဲ့တွေ ဖွဲ့ပြီးတော့မှ စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်စေလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရေးအတွက် အများပြည်သူက လေးစားတဲ့ အရပ်သားကိုယ်စားလှယ်တွေကို လိုက်ပါဆောင်ရွက်စေတာ ဖြစ်ပါတယ်။ နှစ်ဖက်လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်တွေလည်း ပါဝင်ပြီးတော့ စိစစ်အတည်ပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ဆောင်ရွက်ရတဲ့အတွက် အဖွဲ့ဝင်အားလုံးက လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သိရှိလိုက်နာဖို့ လိုအပ်ပါတယ်။ JMC အဆင့်က ကော်မတီဝင်တွေအနေနဲ့ JMC ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ ပြုပြင်ပြောင်းလဲရန် လိုအပ်တဲ့ လိုအပ်ချက်တွေကို ပြန်လည်ဆန်းစစ်ပြီး ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုပါတယ်”ဟု နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အနေဖြင့် ရှမ်း၊ ကရင်၊ ပဲခူး၊ မွန်နှင့် တနင်္သာရီတို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S)များ၊ ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) များကို ဖွဲ့စည်းထားပြီး ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်သည်။

အစည်းအဝေးတွင် JMC-U ဒုတိယဥက္ကဋ္ဌ စောအိုင်းဇက်ဖိုးက “ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဟာ သီးခြားပုံစံဖြစ်ပြီး အစုအဖွဲ့ သုံးစုဖြစ်တဲ့ အစိုးရတပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အစုအဖွဲ့၊ အရပ်သားအစုအဖွဲ့ဆိုပြီး ဖွဲ့ထားတာ အများက သိပြီးဖြစ်ပါတယ်။ အရပ်သားအစုအဖွဲ့ကိုတော့ ကြားနေအစုအဖွဲ့အနေနဲ့ အသိအမှတ်ပြုခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ JMC လုပ်ငန်းလမ်းညွှန်နိဒါန်းမှာ JMC အဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခများကို လျော့ကျရပ်စဲစေရန် ဦးတည်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူပြုရန်လို့ ပါရှိပါတယ်။ ဘယ်လက်နက်ပဋိပက္ခဖြစ်စဉ်မှာမဆို ပဋိပက္ခချုပ်ငြိမ်းခြင်းအတွက် ယုံကြည်မှုတည်ဆောက်ခြင်းဟာ အဓိကဖြစ်ပါတယ်။

JMC လုပ်ငန်း အောင်မြင်အောင် အကောင်အထည်ဖော်ဖို့အတွက် အစုအဖွဲ့ သုံးဖွဲ့လုံးမှာ တာဝန်ရှိပါတယ်။ JMC လုပ်ငန်း အောင်မြင်မှု၊ ဆုတ်ယုတ်မှုသည် အစုအဖွဲ့ သုံးဖွဲ့လုံးနှင့် သက်ဆိုင်ပါတယ်။ JMC ဆုတ်ယုတ်မှု ရလဒ်အနေနဲ့ နှစ်ဖက် တပ်ဗိုလ်၊ တပ်မှူးများ ထိခိုက်ကျဆုံးစေမည်ဖြစ်သလို အထူးသဖြင့် နယ်မြေခံလူထုမှာလည်း စစ်ရှောင်ဒုက္ခသည်အနေဖြင့် အတိဒုက္ခရောက်ရတယ်ဆိုတာ လက်တွေ့ဖြစ်စဉ်တွေကနေ ဖော်ပြနေပါတယ်။ ဒါကိုလည်း အထူးသတိမူရမှာ ဖြစ်ပါတယ်။ စစ်ပွဲတွေရပ်ဆိုင်းပြီးနောက် အားလုံးသော လက်နက်ကိုင်အဖွဲ့များ NCA မှတစ်ဆင့် JMC အတွင်း ပါဝင်နိုင်ဖို့နဲ့ JMC အကောင်အထည်ဖော်မှုများမှာ အားလုံး ယုံကြည်စိတ်ချစွာ ပါဝင်လာအောင် ဆက်လက်ကြိုးစားရမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အဆင့်ဆင့်တွင် ယခုအချိန်ထိ တိုင်ကြားစာ ၄၁၁ စောင်ရှိခဲ့ကာ ဖြေရှင်းဆောင်ရွက်မှုပေါင်း ၃၃၄ စောင်ရှိကြောင်း အဆိုပါ စုံညီအစည်းအဝေးမှ သိရသည်။



JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံက “JMC ဖွဲ့စည်းပြီးနောက် ရည်မှန်းချက်ဖြစ်တဲ့ လုပ်ငန်းတွေ အကောင်အထည်ဖော်တာ ဒေသအလိုက် အချို့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းပြီး အချို့နေရာတွေမှာ လုံးဝပျောက်ကွယ်သွားပါတယ်။ အချို့နေရာတွေမှာတော့ အောက်ခြေမှာ ထိတွေ့မှုလေးတွေရှိတာ တွေ့နေရပါတယ်။ အောက်ခြေမှာ ထိတွေ့မှုလေးတွေကို အလွန်စိုးရိမ်စရာမလိုသလို ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါဘူး။ JMC အဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေတဲ့ အရပ်သားကိုယ်စားလှယ်တွေ စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ နှစ်ဖက်အဖွဲ့အစည်းကြားမှာ ဘက်မလိုက်ဘဲ သမာသမတ်ရှိရှိ နေထိုင်သွားဖို့လိုပါတယ်။ ယုံကြည်မှုရအောင် တစ်ဦးနဲ့တစ်ဦး ရင်းနှီးအောင် ဖန်တီးပေးတာမျိုး အဆက်အသွယ် မပျက်အောင် စီမံပေးတာမျိုး ဆောင်ရွက်ပေးပါ။ ဒါဟာ ချစ်ခင်ရင်းနှီးတာကနေ ယုံကြည်မှုတည်ဆောက်နိုင်အောင် စီစဉ်ခြင်းပဲဖြစ်ပါတယ်”ဟု ပြောသည်။

အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်များ အဖွင့်နှုတ်ခွန်းဆက်စကားများ ပြောကြားပြီးနောက် JMC-S ရှမ်း၊ JMC-L လင်းခေး၊ JMC-S ကရင်၊ JMC-L ဖာပွန်၊ JMC-S ပဲခူး၊ JMC-S မွန်၊ JMC-S တနင်္သာရီတို့က အစဉ်လိုက် နှုတ်ခွန်းဆက်သည်။

ယနေ့ကျင်းပသည့် JMC မျက်နှာစုံညီအစည်းအဝေးတွင် JMC အဆင့်ဆင့်၏ နှစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသပြီးနောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားစေနိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း - ရဲခေါင်ညွှန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# မြန်မာ-တရုတ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုစည်းခန်းမ၌ ယနေ့ညနေပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး၊ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Zhao Kezhi ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ လောင်းကစားမှုများအားတားဆီးနှိမ်နင်းရေး၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီးများ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြပြီး **(ယာပုံ)** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့ ကူညီထောက်ပံ့ပေးသည့် ယွမ် ၁၄ ဒသမ ၄ သန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထောက်အကူပြုပစ္စည်းများ၊ ယွမ်ငါးသန်း တန်ဖိုးရှိ ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် မှုခင်းစုံစမ်းစစ်ဆေးရေး အထောက်အကူပြုပစ္စည်းများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်က ၁၈ ဒသမ ၉ သန်းတန်ဖိုးရှိ တရားဥပဒေစိုးမိုးရေးတွင် အသုံးပြုရန် မော်တော်ယာဉ်များ လှူဒါန်းခြင်းတို့အတွက် အထောက်အထား စာရွက်စာတမ်းများ ပေးအပ်ခဲ့သည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Zhao Kezhi ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ ဖိတ်ကြားချက်အရ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ယနေ့မွန်းလွဲပိုင်းတွင် ရောက်ရှိကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# National Electronic Identity စနစ်ဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် National Electronic Identity (Ne-ID) စနစ် ဆောင်ရွက်နိုင်ရန် လေ့လာတွေ့ရှိချက်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူတစ်ဦးချင်းစီ၏ Biometric အချက်အလက်များ ရယူ၍ Unique Identity (UID) နံပါတ်ထုတ်ပေးပြီး Ne-ID စနစ်ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ Unique Identity (UID) အချက်အလက်များကိုအခြေခံ၍ ပြည်သူကိုဝန်ဆောင်မှုပေးသောလုပ်ငန်းများနှင့် ချိတ်ဆက်မျှဝေသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်၍ Smart Card ကို ပြောင်းလဲထုတ်ပေးနိုင်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိပါကြောင်း၊ Ne-ID စနစ်သည် e-Government စနစ် အကောင်အထည်ဖော်ရာတွင် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းအတွက် အခြေခံကျသည့် အထောက်အကူပြုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ National ID database ကို တည်ဆောက်ပြီး e-Government ကို အထောက်အကူပြု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ National ID သည် အမျိုးသားလုံခြုံရေးအတွက် အဓိကကျသဖြင့် အဘက်ဘက်မှသုံးသပ်၍ စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက Ne-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များ၊ နိုင်ငံတကာ၌ Smart Card အသုံးပြုဆောင်ရွက်နေမှုများနှင့် အားနည်းချက်၊ အားသာချက်များ၊ Ne-ID စနစ်အတွက် Unique Identity (UID) စနစ်စတင်ဆောင်ရွက်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေများ၊ Ne-ID စနစ်ဖြင့် Smart Card ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုမှုကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာရရှိပြီး မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်း၍ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ ပြုစုထုတ်ပြန်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ဆောင်ရွက်သင့်သည့် အကြံပြုချက်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း အသေးစိတ်သုံးသပ်ဆွေးနွေး အကြံပြု ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**



# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ဝယ်ယူခဲ့သည့် ပုံနှိပ်စက်သစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၈**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝယ်ယူခဲ့သည့် Goss Community 4-High Tower Four Unit Web Offset ပုံနှိပ်စက်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် Goss Graphics Systems (China) Co.,Ltd. Global Sales Director Mr. Peter Kirwan တို့က ပုံနှိပ်စက်သစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ပုံနှိပ်စက်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းနှင့် ပုံနှိပ်စက်သစ်ကြီးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်လည်ပတ်မှုနှင့် သတင်းစာများ ပုံနှိပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ Goss Community 4- High Tower Four Unit Web Offset ပုံနှိပ်စက်သည် ပုံနှိပ်အရည်အသွေး ကောင်းမွန်ကာ တစ်နာရီလျှင် သတင်းစာစောင်ရေ ၃၅၀၀၀ ရိုက်နှိပ်နိုင်မည် ဖြစ်သည်။

4-High Tower တစ်ခုလျှင် ရောင်စုံ (Tabloid Size) သတင်းစာ ရှစ်မျက်နှာ ပုံနှိပ်နိုင်ပြီး 4-High Tower လေးခု ပါဝင်သဖြင့် ရောင်စုံ ၃၂ မျက်နှာ သတင်းစာကို တစ်ပြိုင်တည်း ပုံနှိပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မောင်တောမြို့ ကညင်ချောင်းစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် ငပလီလေဆိပ်အနီး ပြည်နယ်အစိုးရဧည့်ဂေဟာဆောက်လုပ်ရေး သဘောတူစာချုပ်ချုပ်ဆို

**စစ်တွေ မေ ၈**

မောင်တောမြို့ ကညင်ချောင်းစီးပွားရေးဇုန် တည်ဆောက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် သံတွဲမြို့ ငပလီလေဆိပ်အနီး ပြည်နယ်အစိုးရဧည့်ဂေဟာနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများရှိလျှင်လည်း ဆက်လက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းနှင့်သာမက ပြည်ပနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့စာချုပ်ချုပ်ဆိုခြင်းနှင့် ပတ်သက်ပြီး စာချုပ်ပါအတိုင်း ဦးစားပေးအလေးထားကာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက စာချုပ်ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီး ကညင်ချောင်း စီးပွားရေးဇုန် တည်ဆောက်ရေး ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် ဆုထူးစံ ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ရှေ့တွင် ပြည်နယ်စိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ကညင်ချောင်း စီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းနှင့် ဆုထူးစံဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# သတင်းမီဒီယာသမားများ မောင်တောဒေသ တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် ငန်းချောင်းကျေးရွာတို့တွင် လွတ်လပ်စွာသတင်းရယူ

**စစ်တွေ မေ ၈**

မောင်တောမြို့တွင် ရောက်ရှိနေသည့် ပြည်တွင်းသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်း၊ နှစ်နိုင်ငံချစ်ကြည်ရေး တံတား၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး မိုင်တိုင်အမှတ် (၃၄)နှင့် (၃၅)အကြားနှင့် ငန်းချောင်းကျေးရွာတို့သို့ သွားရောက်သတင်းရယူကြသည်။

သတင်းမီဒီယာသမားများသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်းသို့ရောက်ရှိကြရာ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေကြသူများ ပြန်လည်ဝင်ရောက်လာပါက စိစစ်ရေးလုပ်ငန်းများ၊ NVC ထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး သတင်းမီဒီယာသမားများက သိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာသတင်းရယူကြသည်။

ဆက်လက်၍ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မိုင်တိုင်အမှတ် (၃၄)နှင့် (၃၅) အကြားနေရာသို့ ရောက်ရှိသတင်းရယူကြသည်။



ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ဟိန္ဒူဘာသာဝင်များ၊ မြိုနှင့် မရမာကြီးတိုင်းရင်းသားများအား တွေ့ဆုံပြီး နေထိုင်စားသောက်မှု၊ လိုအပ်ချက်၊ လူမှုဘဝအခြေအနေ၊ အလုပ်အကိုင်ရရှိမှု၊ ကျေးရွာရှိ လူဦးရေနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်ဝင်ရောက်လာသူများရှိပါက NVC ထုတ်ပေးသွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာအဖွဲ့များ၏ သိလိုသည်များကို လိုက်လံရှင်းလင်းပြသဖြေကြားကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် ငန်းချောင်းကျေးရွာသို့ ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံကာ စားဝတ်နေရေး၊ အလုပ်အကိုင်၊ လိုအပ်ချက်၊ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုတို့အပါအဝင် သိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက UEHRD ၏ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ မေးမြန်းသည့် UEHRD က ကျေးရွာများ တည်ဆောက်နေမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်များတည်ဆောက်မည့် အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှု၊ NVC ကိုင်ဆောင်သူ၏ အခွင့်အရေးနှင့် ကျေးရွာများသို့ လက်ရှိထောက်ပံ့ပေးနေမှုတို့အပြင် ၎င်းတို့ သိလိုသည့် မေးမြန်းချက်များအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **သတင်း-မျိုးမြင့်**

**ဓာတ်ပုံ-သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**

# UEHRD ဆဋ္ဌမအသုတ် စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ မောင်တောဒေသတွင်း ကွင်းဆင်းဆောင်ရွက်မှု ပြန်လည်သုံးသပ်

**စစ်တွေ မေ ၈**

UEHRD ဆဋ္ဌမအသုတ် စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် မောင်တောဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများအား သွားရောက်ပေးအပ်ထောက်ပံ့ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့မှတစ်ဆင့် အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ညနေပိုင်းတွင် Royal Sittwe Resort ဟိုတယ်၌ မောင်တောဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအား ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းများ ပြုလုပ်သည်။

ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲမင်းဦးက "UEHRD ဆဋ္ဌမအသုတ် စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့မှာ လူငယ် ၃၄ ဦး ပါပါတယ်၊ ဒီတစ်ခေါက်ကတော့ မောင်တောမြို့နယ်အတွင်းက ရွာ ၁၀ ရွာကို သွားရောက်ထောက်ပံ့ပေးခဲ့ပါတယ်၊ လူဦးရေတော်တော်များများ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်၊ ရွာတစ်ရွာကို သွားရောက်ထောက်ပံ့တော့မယ်ဆိုရင် ပထမနေ့မှာ စာရင်းဇယားကောက်ယူတာတွေ လုပ်ပါတယ်၊ နောက်နေ့မှာ ပစ္စည်းတွေ သွားရောက်ထောက်ပံ့ပေးပါတယ်။

အခက်အခဲကတော့ နည်းနည်းကြုံရတာပေါ့၊ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းတာနဲ့ ရာသီဥတုပူပြင်းတဲ့ ဒဏ်ကို လူငယ်တွေအများဆုံး တွေ့ကြုံခဲ့ရပါတယ်၊ ဒါပေမယ့်လည်း လုပ်ငန်းလုပ်တဲ့နေရာမှာတော့ တက်တက်ကြွကြွလုပ်ကြတော့ အားရစရာပါ"ဟု ပြောသည်။



UEHRD ဆဋ္ဌမအသုတ် စေတနာ့ဝန်ထမ်း လူငယ်များသည် မောင်တောဒေသတွင် ဧပြီ ၂၈ ရက်မှ မေ ၇ ရက်ထိ ကျေးရွာ ၁၀ ရွာတွင် အိမ်ထောင်စု ၁၀၂၄ စု၊ လူဦးရေ ၆၈၆၆ ဦးအား လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများအား လက်ဝယ်အရောက် ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# မြောင်းမြခရိုင်တွင် ကျေးရွာများအရောက် စိုက်ပျိုးရေး နည်းပညာပေးဆွေးနွေးမှုများ ဆောင်ရွက်

**ဝါးခယ်မ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ကျေးရွာများအရောက် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပြီး မေ ၈ ရက် နံနက်က မိုးမခအုတ်ကျင်းကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဒုတိယတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းစိုး၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုနိုင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ၂၀၁၈ မိုးရာသီတွင် ဆောင်ရွက်မည့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သည့် ကြာဖြူကျေးရွာအပါအဝင် မိုးမခအုတ်ကျင်းကျေးရွာ၊ သဲကုန်းကျေးရွာ၊ ကြက်ခတ်ကုန်းကျေးရွာ၊ ပေတောကျေးရွာ၊ အဂတ်လက်ပန်ကျေးရွာ၊ တောင်အူချောင်းဖျားကျေးရွာတို့ရှိ တောင်သူလယ်သမားများကို မြေဆီလွှာ ထက်သန်ရေးအတွက် ဆောင်ရွက်ရမည်များ၊ ဘက်စုံသီးနှံကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်ပွားများစေရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တောင်သူများ၏ အဓိက ကြုံတွေ့နေရသော စိုက်ပျိုးရေးအခက်အခဲ တင်ပြချက်များအပေါ် တစ်ခုချင်းအလိုက် အပြန်အလှန်ဆွေးနွေးမှုများဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောသည်။

**လွမ်းသီဟ (ပြန်/ဆက်)**

# ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံ၌ ကွမ်းယာနှင့် ဆေးရွက်ကြီးစားသုံးမှု တိုက်ဖျက်ရေးလှုပ်ရှားမှုကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူး၍ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ပံ့ပိုးကူညီကာ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ကွမ်းယာစားသုံးခြင်းမှ ရရှိနိုင်သော ရောဂါများအကြောင်း မည်မျှသိရှိကြောင်းနှင့် ပညာပေးနိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ကျေနပ်အားရဖွယ် ရလဒ်များရရှိခဲ့ကြောင်း သိရသည်။ ထိုသို့လှုပ်ရှားမှုမှတစ်ဆင့် ကွမ်းယာစားသုံးသူ ၆၂ ရာခိုင်နှုန်းခန့်ကို ကွမ်းယာစားသုံးခြင်းမှ ဖြတ်နိုင်ရန် လှုံ့ဆော်ပေးနိုင်ခဲ့ပြီဖြစ်ရာ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာများနှင့်တွေ့ဆုံပွဲကို မေ ၇ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံးချုပ်၌ ကျင်းပသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က “တစ်ဝက် လောက်က ဒီလှုပ်ရှားမှုကြီးကို သေချာမှတ်မိကြတယ်၊ ၉၀ ရာခိုင်နှုန်းလောက်က ဒီလှုပ်ရှားမှုကြီးမှာပါတဲ့ လှုံ့ဆော်မှုတွေက သူတို့ကို သေချာသုံးသပ်စေခဲ့တယ်လို့ ပြောပါတယ်၊ ၈၇ ရာခိုင်နှုန်းကျော်လောက်က ကွမ်းစားသူတွေဟာ ဒီလိုဝါးစားရတဲ့ ဆေးရွက်ကြီးတွေက ကျန်းမာရေးကို ဘယ်လိုထိခိုက်စေတယ်ဆိုတာကို လှုပ်ရှားမှုကြီးကတစ်ဆင့်သိရတဲ့အတွက် စိုးရိမ်မှုတွေရှိခဲ့တယ်လို့ ပြောကြပါတယ်၊ ၈၄ ရာခိုင်နှုန်းကတော့ ဆေးရွက်ကြီးကို စားသုံးခြင်းကနေ ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ အမြင်ဘယ်လိုရှိသလဲဆိုတာတွေကို သိရှိခဲ့ရပါတယ်”ဟု ကွမ်းယာနှင့် ဆေးရွက်ကြီးစားသုံးမှု တိုက်ဖျက်ရေးလှုပ်ရှားမှုမှ ရရှိလာသည့် အကျိုးရလဒ်များကို ရှင်းပြသည်။



ဆေးရွက်ကြီးပါသည့် ကွမ်းယာစားသုံးမှုကို မြန်မာနိုင်ငံ ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ရပ်အနေဖြင့် နှစ်ပေါင်းများစွာကပင် စားသုံးလာကြသည်။ အချို့မှာ ကွမ်းယာစားသုံးမှုကြောင့် ကျန်းမာရေးအန္တရာယ်ဖြစ်ကြသည်ကို မသိရှိဘဲ စားသုံးနေသကဲ့သို့ အချို့မှာ အန္တရာယ်ရှိကြောင်း သိသော်လည်း အန္တရာယ်၏ ပမာဏကို မသိ၍လည်းကောင်း၊ မဖြတ်နိုင်၍လည်းကောင်း ဆက်လက်စားသုံးလျက်ရှိကြကြောင်း သိရသည်။

ဆေးရွက်ကြီးစားသုံးခြင်းကြောင့် ခံတွင်းကင်ဆာအမျိုးမျိုး (ပါးစပ်၊ လည်ချောင်း၊ ပါး၊ နှုတ်ခမ်း၊ လျှာကင်ဆာများ)၊ အစာပြွန်ချောင်း(esophagus)ကင်ဆာ၊ မုန့်ချိုအိတ်(Pancreas)ကင်ဆာများ ဖြစ်ပွားနိုင်ပြီး ကွမ်းယာစားသုံးခြင်းကို ဖြတ်နိုင်ရန် စိတ်ဆုံးဖြတ်ချက်ခိုင်မာခြင်း၊ ပူပင်သောက နည်းအောင် ပြုလုပ်ခြင်း၊ ဖြတ်ရန် သတ်မှတ်ထားသည့် ရက်မတိုင်မီ စားသုံးမှုကို ထက်ဝက်လျှော့ချခြင်း၊ ကွမ်းယာစားလိုစိတ်ဖြစ်သောလုပ်ဆောင်ချက်များကို ပြောင်းလဲခြင်း၊ ကွမ်းယာအစားအစားထိုးအစားအစာများကို စားသုံးခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လတ်ဆတ်သော အသီးအရွက်များ စားသုံးခြင်း၊ ရေများများ သောက်ခြင်း၊ နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းနှင့် ရေကူးခြင်းစသည့်အချက်များကို ပြုလုပ်ခြင်းဖြင့် ကွမ်းယာစားသုံးခြင်းကို ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ အမျိုးသားရော အမျိုးသမီးပါ ကွမ်းစားသုံးမှု များတယ်။ နေ့စဉ်စားသုံးတဲ့ လူဦးရေ ၁၂ သန်းလောက်ရှိတယ်။ ဒီနေ့လုပ်တဲ့ပွဲလေးက ၁၂ သန်းသော လူဦးရေကို မြန်မြန်ထိရောက်နိုင်ဖို့ မီဒီယာကနေတစ်ဆင့် ပညာပေးတဲ့ လှုပ်ရှားမှုပွဲလေး ဖြစ်ပါတယ်။ နောင်တမရအောင် ကွမ်းယာကို ရှောင် ဆိုတဲ့ မက်ဆေ့ကတော်တော်လေး အရေးကြီးပါတယ်။ ကွမ်းယာကို နှစ်ပေါင်းများစွာစားသုံးပြီး ရောဂါရတော့မှ နောင်တရတာမျိုးမဖြစ်အောင် အသိပေးခြင်းဖြစ်ပါတယ်။ မီဒီယာကနေတစ်ဆင့် ဆောင်ရွက်ချက်တွေကလည်း အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ကွမ်းစားနေတဲ့သူက ကွမ်းဖြတ်မယ်ဆိုရင် ဆရာတို့အနေနဲ့ ကွမ်းဖြတ်ဖို့ လုပ်ငန်းတွေ လုပ်ပေးဖို့လိုပါတယ်။ ဒီနေ့မြန်မာနိုင်ငံမှာ ကွမ်းဖြတ်ချင်ရင် ဘယ်ကိုသွားဖြတ်ရမလဲ၊ ဘယ်လိုဖြတ်ရမလဲ မသိသေးပါဘူး။ ဒီနေ့ပညာပေးတဲ့အခါမှာတော့ ကွမ်းစားရင် ရောဂါရနိုင်တယ်။ ရောဂါမရအောင် ကွမ်းကိုဘယ်လိုဖြတ်ရမလဲဆိုတဲ့ အချက်အလက်နည်းတွေကို မီဒီယာကတစ်ဆင့် အသိပေးသွားမှာပါ။ ဆရာတို့ ကျန်းမာရေးပိုင်းအနေနဲ့လည်း ဆေးလိပ်နဲ့ ဆေးရွက်ကြီးထိန်းချုပ်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ထိရောက်တဲ့ ဆောင်ရွက်ချက်တွေကို ရှေ့ဆက်အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမှာပါ” ဟု ဒေါက်တာ သန်းစိန်က ပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းပြသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာနည်မောင်**



# စားစရိတ်ငြိမ်း အခြေခံမော်တော်ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်

**မန္တလေး မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်း အသက်မွေးပညာသိပ္ပံကျောင်း၏ စားစရိတ်ငြိမ်း အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်း ဒုတိယအကြိမ်အဖြစ် သင်ကြားပေးလျက်ရှိရာ မေ ၇ ရက်က အဆိုပါကျောင်းရှိ စက်မှုလက်မှုသင်တန်း လက်တွေ့အလုပ်ရုံ၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

“ဆောင်းဒါးရက်ကန်း အသက်မွေးပညာသိပ္ပံကျောင်းကနေပြီး အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ သံဂဟေသင်တန်း၊ ဝါးလက်မှုသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ အခုခေတ်ရဲ့ ယဉ်ကျေးမှုအရ မော်တော်ဆိုင်ကယ်စီးသူတွေဟာ မြို့ပြရောကျေးလက်ဒေသတွေမှာပါ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် အခုလို အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို အဓိကထားပြီးဖွင့်လှစ်သင်ကြားပေးတာဖြစ်ပါတယ်”ဟု သင်တန်းနည်းပြ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းကျော်မျိုးက ပြောသည်။

အဆိုပါကျောင်းမှ အခြေခံစာတွေ့လက်တွေ့ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို ယခုနှစ် ဇန်နဝါရီလက ပထမအကြိမ်အဖြစ် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၂ မြို့နယ်မှ သင်တန်းသား ၂၂ ဦးကို သင်ကြားပေးခဲ့ပြီးဖြစ်သည်။

“အခုသင်တန်းကို တက်ရောက်သင်ကြားနေတဲ့ သင်တန်းသား ၂၂ ဦးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျန်းမာရေးနဲ့စားသောက်ရေးကို အခမဲ့ကူညီဆောင်ရွက်ပေးပါတယ်”ဟု သင်တန်းနည်းပြ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်သူက ပြောသည်။

ယခုသင်တန်းသည် ဒုတိယအကြိမ်ဖြစ်ပြီး သင်တန်းသား ၂၂ ဦးကို တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး ပထမအကြိမ်တွင် တက်ရောက်ခဲ့သော သင်တန်းသား ၂၂ ဦးတွင် ၁၈ ဦးမှာ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ပြုပြင်ရေးဆိုင်များ ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပြုနေပြီဖြစ်ကြောင်း သိရသည်။ **၀၀၂**

# Black-bellied Tern ငှက်မျိုးစိတ်များအား တကောင်းနှင့် ရေနံချောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထား

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ၏ ဌာနေငှက်မျိုးစိတ်ဖြစ်သည့် Black-bellied Tern ကို ၂၀၁၈ ခုနှစ်တွင် ဧရာဝတီမြစ်ရိုး၏ တကောင်းမြို့နှင့် ရေနံချောင်းမြို့ဝန်းကျင်းတို့၌ သုတေသန ပြုလုပ်ချက်အရ အကောင်ကြီး ၁၄ ကောင်နှင့် အကောင်ပေါက် ခြောက်ကောင်ကို ပုံမှန်ထိန်းသိမ်းစောင့်ကြည့်နိုင်ခဲ့ကြောင်း သိရသည်။

ထိုငှက်မျိုးစိတ်မှာ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း ကျက်စားနေထိုင်ပြီး ချင်းတွင်းမြစ်၌ ၂၀၁၂ခုနှစ်တွင် နောက်ဆုံး မှတ်တမ်းတင်နိုင်ခဲ့ကာ ယခုလက်ရှိတွင် ဧရာဝတီမြစ်တစ်လျှောက်တွင်သာ တွေ့ရှိရကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဧရာဝတီမြစ်ဝှမ်းဒေသ ထိန်းသိမ်းရေးတာဝန်ခံ ကိုနိုင်လင်းက ပြောသည်။


“Black-bellied Tern (မြစ်တွေးရင်မည်း)တွေကို ၂၀၁၆ မှာ တကောင်းမြို့အနီး ဧရာဝတီမြစ်အတွင်းမှာ ခြောက်ကောင်နဲ့ အကောင်ပေါက် တစ်ကောင်၊ ၂၀၁၇ မှာ တကောင်းမြို့ဝန်းကျင်မှာ ခြောက်ကောင်နဲ့ သားပေါက် နှစ်ကောင်၊ ရေနံချောင်းမြို့ဝန်းကျင်မှာ ခြောက်ကောင် မှတ်တမ်းရပါတယ်၊ ၂၀၁၈ မှာတော့ တကောင်းမြို့ဝန်းကျင်မှာ အကောင်ကြီး ရှစ်ကောင်နဲ့ အကောင်ပေါက် သုံးကောင်၊ ရေနံချောင်းမြို့ဝန်းကျင်မှာ အကောင်ကြီး ခြောက်ကောင်နဲ့ အကောက်ပေါက် သုံးကောင်တို့ကို ပုံမှန်ထိန်းသိမ်းစောင့်ကြည့်နိုင်ခဲ့ပါတယ်”ဟု ၎င်းက ပြောသည်။

Black-bellied Tern ငှက်မျိုးစိတ်သည် ဖေဖော်ဝါရီလနှင့် မေလကြားတွင် မိတ်လိုက်၊ ဥ ဥ၍ အကောင်ပေါက်ကြပြီး လူသူအနှောင့်အယှက်ကင်းသော သဲသောင်ပြင်ပေါ်တွင် အသိုက်ဆောက်လုပ်ကြကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သုတေသန လက်ထောက် ကိုပြည့်ဖြိုးအောင်က ပြောသည်။

“မြစ်တွေးရင်မည်းတွေက အသိုက်မလုပ်မီ အုပ်စုဖွဲ့နေလေ့ရှိတယ်၊ အသိုက်လုပ်ချိန်ဆိုရင် တစ်စုံစီခွဲပြီးတော့ သားပေါက်တယ်၊ ဥ ဥချိန်ကနေ အကောင်ပေါက်ဖို့ ၂၂ ရက်ကြာတယ်။ အကောင်ပေါက်တွေ အပျံစသင်တာကတော့ ၂၃ ရက်ကြာပါတယ်၊ အသိုက်အနီး ဖြတ်သွားတဲ့ အစာရှာလာတဲ့ လူနဲ့ ဘယ်ငှက်တွေကိုမဆို သူတို့က ထိုးဆိတ်၊ မောင်းထုတ်ကာကွယ်တတ်ကြပါတယ်” ဟု ၎င်းက ပြောသည်။

မြစ်တွေးရင်မည်းသည် အရှေ့တောင်အာရှ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများတွင် ကျက်စားနေထိုင်ပြီး အရှေ့တောင်အာရှတွင် နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင်သာ အကောင်ရေအနည်းငယ်ကျန်ရှိပြီး အချိန်မီ မထိန်းသိမ်းနိုင်လျှင် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ သာဓကအားဖြင့် ကမ္ဘောဒီးယားနှင့် မဲခေါင်းမြစ်အတွင်း၌ ၂၀၁၂ ခုနှစ်ကသာ နောက်ဆုံး မှတ်တမ်းတင်နိုင်ခဲ့ပြီး လက်ရှိတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည်။

ထို့ကြောင့် သစ်တောဦးစီးဌာနက ဒေသခံများနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ငှက်မျိုးစိတ်များကို အဓိကခြိမ်းခြောက်နေမှုမှာ ကျက်စားမျိုးပွားရာ သဲသောင်များတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လာခြင်း၊ အိမ်မွေးနှင့် အခြားတိရစ္ဆာန်များကြောင့် အသိုက်၊ ဥ၊ အကောင်ပေါက်များ ပျက်စီးခြင်းနှင့် အဆိုးရွားဆုံးမှာ အချိန်အခါမဟုတ် မြစ်ရေကြီးမှုများကြောင့်ဖြစ်ကြောင်း သိရသည်။

**ညီတူး**

# သီပေါမြို့နယ်တွင် နွားတင်ယာဉ် ပစ်ခတ်ခံရသဖြင့် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**သီပေါ မေ ၈**
သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ကြံခင်း(ရေပူ)ရွာအနီး မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်(၁၁၉/၇)နှင့် (၁၂၀)ကြားတွင် မေ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ပျော်ဘွယ်မြို့နယ်မှ မူဆယ်မြို့သို့ တရားဝင်ပြည်ပပို့ကုန်ဖြင့် နွားအကောင်ရေ ၁၀၀ ကို မော်တော်ယာဉ်ငါးစီးဖြင့် တင်ဆောင်လာသည့် မော်တော်ယာဉ်များအနက် နွားကောင်ရေ ၂၀ တင်ဆောင်လာပြီး ယာဉ်မောင်း ရှုဒစ်(ခ)မြင့်နိုင်၊ ယာဉ်နောက်လိုက် နေမျိုးထွန်းနှင့် နွားထိန်းအဖြစ် အောင်နိုင်ဌေးတို့ လိုက်ပါလာသော ၁၂ ဘီးယာဉ်နှင့် နွားကောင်ရေ ၂၀ တင်ဆောင်လာသည့် ယာဉ်မောင်း မန်းဦး မောင်းနှင်လာသော ခြောက်ဘီးယာဉ်တို့ကို လမ်း၏ ယာဘက် တောင်ကုန်းပေါ်မှ လက်နက်ကိုင်အချို့က လက်နက်ငယ်များဖြင့် ၁၀ ချက်ခန့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပစ်ခတ်မှုကြောင့် ယာဉ်မောင်း ရှုဒစ်(ခ)မြင့်နိုင်တွင် ဒဏ်ရာရရှိခဲ့သော်လည်း မော်တော်ယာဉ်အား ဆက်လက်မောင်းနှင်ထွက်ပြေးခဲ့ရာ ပေ ၅၀ ခန့်အကွာ လမ်း၏ဝဲဘက်ခြမ်း မန်ကျည်းပင်ကို ဝင်တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။

အဆိုပါ လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ရှုဒစ်(ခ)မြင့်နိုင်မှာ ဝဲဘက်ရင်အုံမှ ကျည်ဖောက်ဝင်၍ နောက်ကျောဘက်သို့ ဖောက်ထွက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည်။

အောင်နိုင်ဌေးမှာ သေနတ်ဒဏ်ရာ သုံးချက်(စိုးရိမ်ရ) ထိမှန်ပြီး နေမျိုးထွန်း(ခ)ကိုမျိုးမှာ ဝဲဘက်ခြေသလုံးနှင့် ယာဘက်လက်ပြင်ပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့ရာ သီပေါမြို့မှ နယ်စည်းမခြား ပရဟိတ၊ ပါရမီပရဟိတ၊ အကျိုးဆောင်လူငယ်အဖွဲ့တို့က မော်တော်ယာဉ်များဖြင့် တင်ဆောင်၍ ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြသည်။ ယခုဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သီပေါကိုလတ်**



# ရသေ့တောင်မြို့နယ်တွင် ကျပ်သိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**
ကျပ်သိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွဆေးပြားပေါင်း ၁၇ သိန်းကျော်ကို သဝန်ချောင်းကင်းစခန်း၌ ယနေ့နံနက်ပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သဝန်ချောင်းကင်းစခန်းမှ သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် WY စာတန်းပါ စိတ်ကြွဆေးပြား ၁၈၅၀၀၀ နှင့်အတူ အောင်ကျော်နိုင်နှင့် ရသေ့တောင်မြို့နယ် ဆင်ပိုက်ရွာမှ အောင်သန်းဌေးတို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ အောင်သန်းဌေး၏ မိခင်နေထိုင်သည့် ရသေ့တောင်မြို့နယ် ကုန်းတန်းကျေးရွာရှိ နေအိမ်သို့ သွားရောက်စစ်ဆေးခဲ့ရာမှ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ အဝါရောင်ဆာလာအိတ်ရှစ်အိတ်ဖြင့်ထည့်ထားသည့် စိတ်ကြွဆေးပြားများကို ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအိတ်များထဲမှ ကျပ်သိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားပေါင်း ၁၆ သိန်းကို ထပ်မံသိမ်းဆည်းရမိခဲ့ရာ စုစုပေါင်း WY စာတန်းပါ စိတ်ကြွဆေးပြား ၁၇၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်နိုင်၊ အောင်သန်းဌေးနှင့် ဒေါ်ကျင်စိန်တို့အား စေတီပြင်နယ်မြေရဲစခန်းက လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၈ စီး၊ သွင်းကုန် ၉၈၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်) စုစုပေါင်းတားဆီးမှုသုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပျဉ်းကတိုးကုန်းအထွက် ရှောင်ကွင်းလမ်းသို့ လှည့်ကင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ် ရော်ဘာတောအတွင်း သစ်ကိုင်းသစ်ရွက်တို့ဖြင့် ဖုံးအုပ်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ SUZUKI Skywave Motorcycle တစ်စီးကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ် နဘားလမ်းဆုံတွင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**အင်းတော် မေ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားလမ်းဆုံတွင် မေ ၇ ရက် ည ၇ နာရီက တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံး ပိဿာ ၆၀ ကို သိမ်းဆည်းရမိကြောင်း သိရသည်။

နဘားရဲကင်းစခန်းမှ ရဲအုပ်ခင်ဇော်ထိုက် ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုလမ်းမကြီး နဘားလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားမှ မန္တလေးသို့ မိုးညှင်းခရိုင် ဖားကန့်မြို့ မရှီးကထောင်းရပ်ကွက်နေ ကျော်သူ(၃၀)နှစ် မောင်းနှင်လာသည့် TOYOTA CAMRYACV MDY-7C---- မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏ဂီယာအုံအောက်တွင် အံ့ဝှက်ပြုလုပ် သယ်ဆောင်လာသည့် တရားမဝင် ကျောက်စိမ်းတုံး ၅၁ တုံး (အလေးချိန်ပိဿာ ၆၀)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်မောင်းကျော်သူအား အင်းတော်မြို့မရဲစခန်းက မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဟိုင်းကြီးကျွန်း၌ ငါးဖမ်းပစ္စည်းများထားသည့်အလုပ်ရုံ မီးလောင်မှုဖြစ်ပွား

**ဟိုင်းကြီးကျွန်း မေ ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ပမ္မဝတီလမ်းရှိ ငါးဖမ်းပစ္စည်းများသိမ်းဆည်းသည့် အလုပ်ရုံတစ်ခု မေ ၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အလုပ်ရုံတွင် စောင့်အိပ်သူက ထမင်းချက်ပြီး ကျန်နေသော မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်များနှင့် ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၄ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပိုက်ရုံတစ်ခုလုံး မီးလောင်သွားခဲ့ပြီး ဒေသခံများက အနီးရှိ အလုပ်ရုံများကို ရေကြိုတင်ပက်ဖျန်းထားခြင်းကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်၌ သမဲ့ပင်များ ပေါက်ရောက်နေခြင်းကြောင့်လည်းကောင်း အခြားနေရာများသို့ ကူးစက်ခြင်းမရှိကြောင်း ဒေသခံများက ပြောသည်။

အဆိုပါအလုပ်ရုံမှာ အမှတ်(၃)ရပ်ကွက်ရှိ ဦးသိန်းဝင်း(ခ)ဦးမောင်ပုလေး၏ ပိုက်ရုံဖြစ်ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## မြန်မာ့ရုပ်မြင်သံကြား

**၉-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**
၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ စိုက်ပျိုးရေးရာ အဖြေရှာ "ကျေးရွာဖွံ့ဖြိုးဖို့ ခေါင်းဆောင်ကောင်းများ မွေးထုတ်စို့"
၉း၁၀ ရှန်းကန်လှုပ်ရှားဘဝများ "လမ်းကြမ်းထက်က ခြေလှမ်းများ"
၉း၃၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ မင်းမော်ကွန်း)
၁၀း၃၀ Catch Asia News
၁၀း၃၅ နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး "ရွှေဆိုင်းလုပ်ငန်း၊ ကားလုပ်ငန်းနှင့် လေလံတင်ဒါရယူ ဆောင်ရွက်ရာတွင် အခွန်ကျသင့်ခြင်းအကြောင်း သိကောင်းစရာ"
၁၁း၃၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ရှယ်ချွေးမ" (ရန်အောင်၊ အောင်ရဲလင်း၊ စိုးမြတ်သူဇာ၊ ထက်ထက်မိုးဦး၊ ခင်ဝင့်ဝါ) [(ဒါရိုက်တာ-ကိုဇော် (အရက်ဦး)]
၁၁း၃၅ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၆)
၁၃း၁၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I)(ကလေးမြို့) (ပထမပိုင်း)
၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ ဒေါသမာန်) (အပိုင်း-၅)
**၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၅)**

**ညပိုင်း**
၁၆း၄၀ အနုပညာခန်းရိပ်သာ "ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံခြင်း"
၁၆း၅၅ MRTV Travelogue
၁၇း၁၅ Football Magazine
၁၇း၄၅ နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ ၂၀၁၈ ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Myanmar National League All Star အသင်း နှင့် Leeds United Football Club)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ သူတို့ဒေသ၊ သူတို့ဘဝ "ကယောဒေသ၊ ကယောဘဝ"
-နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၆)
-သုခုမရင်ခွင်အငြိမ့်သဘင် "ပန်တျာရင်သွေး" (မင်းသမီး-အိအိခိုင်၊ လူရွှင်တော်-စူးရှ၊ အားတီ၊ ဥဥ၊ ဖိုးခေါင်)(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၈)
- အစီအစဉ်ပြီး၏။

# နိုင်ငံသားများ၏ ကိုယ်ကျင့်တရားကို သန့်ရှင်းရေးဝန်ထမ်း သုံးဦးက သက်သေထူကြောင်း ဝန်ကြီးချုပ်ပြော



**ရန်ကုန် မေ ၈**

ရန်ကုန်မြို့တော်သင်္ကြန်ကာလအတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ဖော်ဆောင်ရေး ပရဟိတအဖွဲ့များနှင့် မဟာဗန္ဓုလလမ်း လမ်းလျှောက်သင်္ကြန်တွင် နိုင်ငံခြားသံတမန်တစ်ဦး ကျကျန်ခဲ့သည့်ပိုက်ဆံအိတ်ကို ပြန်လည်ပေးအပ်ခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ WA သန့်ရှင်းရေးဝန်ထမ်းသုံးဦးအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်က သင်္ကြန်ကာလအတွင်း ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ အမှိုက်များ ကင်းစင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည့် ပရဟိတအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း၊ ပိုက်ဆံအိတ်ပြန်လည်ပေးအပ်ခဲ့သည့် သန့်ရှင်းရေးဝန်ထမ်း သုံးဦးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ၎င်းသန့်ရှင်းရေးဝန်ထမ်းများကို ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်သလို တိုးမြှင့်သည့်တာဝန်များကို ပေးနိုင်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

"လူစည်ကားတဲ့ လမ်းလျှောက်သင်္ကြန်မှ သံတမန်တစ်ဦးရဲ့ ပိုက်ဆံအိတ်တစ်လုံး ကျပျောက်သွားတယ်ဆိုတဲ့ သတင်း စကြားလိုက်တဲ့အချိန်မှာ ကျွန်တော် တော်တော်ကို ခေါင်းခြောက်သွားပါတယ်။ ဒီအထဲမှာ သူ့ရဲ့အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါတယ်ဆိုတဲ့ အခြေအနေဖြစ်တဲ့အတွက် ကျွန်တော်က ဒီအပေါ်မှာ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အချိန်မှာ ရန်ကုန်မြို့တော်ရဲ့ အခြေခံအကျဆုံး လုပ်ငန်းမှာ လုပ်နေတဲ့ ဝန်ထမ်းလေးတွေက ပိုက်ဆံအိတ်ကို ပြန်လာပေးတယ်။ နိုင်ငံတကာက သံတမန်တွေကလည်း ပြန်ရပြီလို့ ပြောတဲ့အချိန်မှာ ကြည့်မိပါတယ်။ ဒီလို ပိုက်ဆံအိတ် ပြန်လာပေးတယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်တန်ဖိုးရှိပါတယ်။ အခြေခံသန့်ရှင်းရေးဝန်ထမ်းလေးတွေက နိုင်ငံသူ နိုင်ငံသားတွေရဲ့ ကိုယ်ကျင့်တရားကို သက်သေထူလိုက်တာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

အဆိုပါအခမ်းအနားတွင် ဝန်ကြီးချုပ်က ပရဟိတအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်က ပရဟိတအဖွဲ့များကို အကျီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပရဟိတအသင်းအဖွဲ့ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဆိုတော် စောဖိုးခွားနှင့် သုခရိပ်မြုံမှ ကလေးများက သီချင်းနှင့် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ဇာနည်မောင်**

# မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန်စီမံကိန်း ပြည်နယ်အစိုးရနှင့် တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတို့ လက်မှတ်ရေးထိုး

**မြစ်ကြီးနား မေ ၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်-ထိန်ချုံး-ဟိန်ရှန် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်တို့အကြား မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန်စီမံကိန်း တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ကတော့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးတဲ့နေ့ပါ။ အဲဒီကနေတစ်ဆင့် MOA...JVA တစ်ဆင့်ချင်းဆက်ပြီး နှစ်ဖက်နိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ အသေးစိတ်ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ JVA စာချုပ်ချုပ်ဆိုနိုင်တဲ့အထိ ဆက်လက်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကိုတော့ JVA ချုပ်ဆိုပြီးနောက်ပိုင်းမှ လုပ်မှာပါ။ မတည်ဆောက်ခင်မှာတော့ ဆောင်ရွက်မယ့် လုပ်ငန်းတွေကို ပြည်သူကို ချပြမှာပါ"ဟု ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

အဆိုပါ မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်းကို မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာအုပ်စုအတွင်းရှိ မြေဧက ၄၇၀၀ ကို အသုံးပြုသွားမည်ဖြစ်ပြီး စက်မှုဇုန်သီးသန့်မဟုတ်ဘဲ လူနေရပ်ဝန်းများ၊ ဆေးရုံများ၊ ကျောင်းများ၊ စူပါမားကက်များ၊ သယ်ယူပို့ဆောင်ရေးအတွက် ဟိုက်ဝေးလမ်းများနှင့် ရထားလမ်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်း တည်ဆောက်ပြီးရင်တော့ မြစ်ကြီးနားမြို့သစ် ပုံစံမျိုး ဖြစ်သွားမှာပါ။ အကောင်အထည်ဖော်ဖို့ကတော့ တော်တော်လေးလှမ်းပါသေးတယ်။ ငွေရေးကြေးရေးက ခန့်မှန်းလို့တော့ မရသေးဘူး။ တော်တော်များမယ်"ဟု ယူနန်-ထိန်ချုံး-ဟိန်ရှန် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်မှ မြစ်ကြီးနားမြို့ ဒုတိယတာဝန်ခံ ဦးအောင်ငွေးလွင်က ပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်မျိုးညွန့်နှင့် ယူနန်-ထိန်ချုံး-ဟိန်ရှန် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ တွမ်ကြည်ဝွေ့၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းနှင့် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာ ဒူချွမ်းချန်တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး အခမ်းအနားကို ဖိတ်ကြားထားသည့် ဧည့်သည်များ စုစုပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမင်းဦး**

## ထိန်ပင်အမှိုက်ပုံမီး စောင့်ကြည့်ငြိမ်းသတ်လျက်ရှိသည့် မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်း

**ရန်ကုန် မေ ၈**

ဧပြီ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က စတင်လောင်ကျွမ်းသည့် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်း ကားလမ်းမဘေး ထိန်ပင်သုသာန်အနောက်ဘက်ရှိ အကျယ်အဝန်း ဧက ၃၀၀၊ အမြင့် ၁၀ ပေခန့်ရှိ အမှိုက်ပုံ မီးကြွင်းမီးကျန်များကို မေ ၈ ရက်တွင် လှိုင်သာယာ၊ တိုက်ကြီး၊ ထန်းတပင်၊ လှည်းကူး၊ ထောက်ကြန့်၊ ဒဂုံဆိပ်ကမ်း၊ လှိုင်၊ အင်းစိန်၊ မှော်ဘီမြို့နယ်များနှင့် စည်ပင်တို့မှ မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ် ခြောက်စီး၊ Foam မီးသတ်ယာဉ် တစ်စီးနှင့် Foam ခေါင်း ၁၈ ခေါင်း၊ အပေါ့စားရေစုပ်စက် ၁၅ လုံး၊ HNE ရှစ်လုံး၊ ကွပ်ကဲမှုယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၈၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ စည်ပင်ဝန်ထမ်း ၅၈ ဦးတို့ဖြင့် မီးလောင်ကျွမ်းခဲ့သည့် အမှိုက်ပုံဧက ၁၀၀ ခန့်အား ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စောင့်ကြည့်လျက်ရှိရာ မေ ၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းအေးသွားပြီဖြစ်၍ အဆိုပါအမှိုက်ပုံတွင် စောင့်ကြည့်ငြိမ်းသတ်လျက်ရှိသည့် မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ရုပ်သိမ်းလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။ **အောင်သူရ**

# ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှု စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိ၊ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ ပြီးဆုံး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များကြောင့် စောင့်ကြည့် ငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ရာ ယနေ့တွင် မီးငြိမ်းသတ်မှုလုပ်ငန်းစဉ်များ ပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက "မီးကြွင်း မီးကျန်နဲ့ အပူရှိန်ကြောင့်ဖြစ်တဲ့ မီးခိုးငွေ့ထွက်ရှိမှုတွေကို မနေ့ကတည်းက အဆုံးသတ်ငြိမ်းသတ်ခဲ့ပါတယ်။ ဒါပေမဲ့ ထပ်ပြီးကျန်နိုင်တဲ့ နေရာတွေကို စည်ပင်သာယာဝန်ထမ်းတွေနဲ့ ဒီကနေ့ ထပ်ရှာပြီးငြိမ်းပါတယ်။ မွန်းလွဲပိုင်းမှာ အားလုံးပြီးဆုံးသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ငါးရက်ကြာ စောင့်ကြည့်ငြိမ်းသတ်မှုတွေ လုပ်ခဲ့ပြီး ဒီနေ့မှာတော့ စိတ်ချရတဲ့ အနေအထားဖြစ်တာကြောင့် မီးငြိမ်းသတ်နေမှုအစီအစဉ်အားလုံးကို ရုပ်သိမ်းလိုက်ပြီး စည်ပင်သာယာ မီးသတ်တပ်ဖွဲ့ကို လွှဲပြောင်းပေးလိုက်ပါပြီ။ သူတို့က လိုအပ်တဲ့အပိုင်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။



စောင့်ကြည့်ငြိမ်းသတ်မှု ကာလတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ပြီး ယခုအခါတွင် စိတ်ချရသည့် အခြေအနေဖြစ်သော်လည်း အမှိုက်ပုံဧရိယာ ကျယ်ပြန့်သည့်အတွက် စည်ပင်ယာသာ မီးသတ်တပ်ဖွဲ့နှင့်အတူ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် တာဝန်ယူစောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာမီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ စောစိုးစိုးမြင့်က "ကျွန်တော်တို့အနေနဲ့ ဒီညနေပိုင်းက စတင်ပြီး တာဝန်ယူလိုက်ပါပြီ။ မီးလောင်မှုဖြစ်ပွားစဉ်က အပိုင်းအလိုက် သတ်မှတ်ငြိမ်းသတ်ခဲ့တဲ့အတိုင်း ဇုန်လေးဇုန်ကို အဖွဲ့တွေခွဲပြီး မီးသတ်ယာဉ်တွေနဲ့ အဆင်သင့်စောင့်ကြည့်မှုတွေ ထပ်လုပ်သွားမှာပါ။ ကျွန်တော်တို့နဲ့အတူ စည်ပင်ဝန်ထမ်းတွေလည်း ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ အခုအခြေအနေကလည်း မီးအားလုံးငြိမ်းသွားပါပြီ။ ဒါပေမဲ့ ဧရိယာကျယ်ပြန့်တဲ့ အမှိုက်ပုံဆိုတော့ အတွင်းမှာအောင်းနေနိုင်တဲ့ အပူတွေရှိနိုင်တဲ့အတွက် အခုလို စောင့်ကြည့်ရတာပါ"ဟု ပြောသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှစတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ အပူရှိန်ကြောင့် ထွက်ရှိသည့် အပူငွေ့များကို ငါးရက်ကြာ ထပ်မံစောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ရာ ယနေ့တွင် စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်၍ မီးငြိမ်းသတ်မှုလုပ်ငန်စဉ်များအားလုံး ပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ပြုလုပ်ခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ နေ့စဉ် ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန် ၁၀၀၀ ကို ယင်းအမှိုက်ပုံတွင် နေ့စဉ်လာရောက်စွန့်ပစ်လျက်ရှိသည်။

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် လောင်ကျွမ်းခြင်းဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းအဖွဲ့များက ရေကို အဓိကထားငြိမ်းသတ်ခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် Bio Foam (အမြှုပ်ဆေးရည်)ကိုလည်း အသုံးပြုငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# အဂတိတရားကင်းရှင်းအောင်

ကျော်ကျော်လှိုင် (SMART )

၂၀၁၈ မတ်လ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်သည် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပါသည်။ သမ္မတအဖြစ် တာဝန်ယူပြီး ဧပြီလ ၁၀ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက

"သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးအဖြစ် တည်ဆောက်ရာတွင် အဂတိတရားကင်းရှင်းမှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အဂတိတရား ကင်းရှင်းမှုသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့် လုပ်ငန်းတာဝန်များကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ အဂတိလိုက်စားမှုများ လျော့ပါးသွားပါက ပြည်သူများ၏အကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းတင်ပြ**

ကော်မရှင်အနေဖြင့် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့် အာဏာအရှိန်အဝါရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုများ၊ စွပ်စွဲခံရသူဘက်မှ အကာအကွယ်ပေးမှုများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း၊ ကော်မရှင်အားဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများထားရှိခြင်း သို့မဟုတ် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သတ်မှတ်ထားရှိခြင်း စသည်ဖြင့် ဖြစ်နိုင်ခြေရှိသည့် အနေအထားကို သုံးသပ်၍ တိုးချဲ့ဆောင်ရွက်သွားစေလိုပါကြောင်း။

ကော်မရှင်အနေဖြင့် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက်၊ ဆုကြံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း" လမ်းညွှန်မှာကြားပါသည်။


တိုတိုရှင်းရှင်းနှင့် လိုရင်းကို ထိရောက်သော လမ်းညွှန်မှာကြားချက်ဖြစ်ပါသည်။ အဂတိတရားကင်းရှင်းမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် ဆိုင်သည်ဟု မှာကြားသည်။ အလွန်မှန်ပါသည်။ အဂတိတရား ကင်းရှင်းသော နိုင်ငံများတွင် တရားဥပဒေစိုးမိုးမှု ခိုင်မာသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လေ့ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်တစ်ပြည်၏ စီးပွားဖွံ့ဖြိုးမှုကို ဖြစ်စေ၍ နိုင်ငံတိုင်းက အလိုရှိကြသည်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်းက နှစ်စဉ် ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၈၀ ကို ပွင့်လင်းမြင်သာမှုရှိမှုနှင့် ပတ်သက်၍အမှတ်ပေးသည်။ ပွင့်လင်းမြင်သာမှုရှိမှု ဆိုသည်မှာ တစ်နည်းအားဖြင့် အဂတိတရားကင်းရှင်းမှု၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းမှုနှင့် ပတ်သက်သည့် အညွှန်းကိန်းဖြစ်ပါသည်။ အမှတ်များလေ နိုင်ငံစဉ်တွင် ထိပ်ဆုံး ရောက်လေဖြစ်သည်။ ၂၀၁၇ ခုနှစ် စာရင်းအရ စင်ကာပူနိုင်ငံသည် နံပါတ် ၆ အဆင့်တွင် ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၅ ဒသမ ၆ သန်းသာ ရှိသော စင်ကာပူနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုအဆင့်မှာ ၂၀၁၇ ခုနှစ်တွင် ၁၃၀ ဖြစ်ပါသည်။ လူဦးရေ ၅၄ သန်းနီးပါးရှိသော မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆ ဘီလီယံခန့်သာ ဝင်ပါသည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှု အညွှန်းကိန်းသည် တစ်ချိန်က အဆင့် ၁၇၈ သာရှိရာမှ နှစ်စဉ် မြင့်တက်လာသည်ကတော့ ဝမ်းသာစရာသတင်းဖြစ်ပါသည်။ ၂၀၁၆ တွင် အဆင့် ၁၃၆ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၃၀ သို့ တက်လာခြင်းဖြစ်သည်။ သို့သော် သတိထားရမည်မှာ အာဆီယံနိုင်ငံများတွင် ကမ္ဘောဒီးယားနှင့် လာအိုမှလွဲ၍ ကျန်အာဆီယံနိုင်ငံများသည် ကျွန်တော်တို့ထက် ပွင့်လင်းမြင်သာမှုတွင် အဆင့်မြင့်ပါသည်။ ဇယား ၁ တွင် အာဆီယံနိုင်ငံများ၏ အမှတ် ၁၀၀ ပေါ်တွင် ရမှတ်အလိုက် နိုင်ငံ၏ ပွင့်လင်းမြင်သာမှုအဆင့်ကို ဖော်ပြထားပါသည်။ နိုင်ငံအလိုက် အဆင့်နိမ့်သော နိုင်ငံများသည် ဆင်းရဲသည့်နိုင်ငံများဖြစ်နေသည်ကို တွေ့ရပါသည်။

**အစိုးရ၊ ပြည်သူနှင့် မီဒီယာပူးပေါင်း**

ပွင့်လင်းမြင်သာမှု အဆင့်တက်ရန် အစိုးရ၊ ပြည်သူနှင့် မီဒီယာ ပူးပေါင်း၍ ကျွန်တော်တို့ အဂတိတရား ဖောက်ဖျက်မှုကို တိုက်ရမည်ဖြစ်ပါသည်။ အစိုးရပိုင်းက နိုင်ငံတော်သမ္မတကြီး ညွှန်ကြားသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများထားရှိပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မျက်နှာကြီးငယ်မလိုက်၊ ဆုကြံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသားဆောင်ရွက်သွားရန် လိုအပ်ပါသည်။ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းခြင်းထက် လူ့အဖွဲ့အစည်းတွင် ဂုဏ်သိက္ခာမြင့်မားသော လူပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ အစိုးရအနေဖြင့် e-Government ကို အမြန်ဆုံး အကောင်အထည်ဖော်ရပါမည်။ e-Government ကောင်းမွန်သော စင်ကာပူနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးတွင် S-pass, EP, PR စသည်တို့ကို လျှောက်ထားရာတွင် အွန်လိုင်းကသာ အကုန်လျှောက်ထားရပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိများနှင့် တွေ့ရန်အကြောင်းမရှိပါ။ လာဘ်ပေးလာဘ်ယူလည်း လုပ်၍မရပါ။

> **66**
>
> အစိုးရပိုင်းက နိုင်ငံတော်သမ္မတကြီး ညွှန်ကြားသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများထားရှိပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မျက်နှာကြီးငယ်မလိုက်၊ ဆုကြံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန်လို ...**99**




ဇယား ၁

**အချိုးညီညီ ပူးပေါင်း**

မီဒီယာများကလည်း အဂတိတရားဖောက်ဖျက်ခြင်းနှင့် ပတ်သက်သည့် သတင်းများကို အထင်၊ အကြားနှင့် ရေးခြင်းထက် တိတိကျကျ မှန်မှန်ကန်ကန် အချက်အလက်ပြည့်စုံစွာဖြင့် ဖော်ထုတ်ရေးသားရန်လိုပါသည်။ သတင်းမီဒီယာ လွတ်လပ်ခွင့် ပြည့်ပြည့်ဝဝ ရရှိမှလည်း အဂတိတရားဖောက်ဖျက်မှုများကို မီဒီယာများက ဖော်ထုတ်ရေးသားနိုင်ပါမည်။

အဂတိတရားဖောက်ဖျက်မှုကို တိုက်ဖျက်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်သူများကတော့ ပြည်သူဖြစ်ပါသည်။ ပြည်သူများက လာဘ်ပေးလာဘ်ယူလုပ်ရခြင်းကို မစင်ကို ရွံသကဲ့သို့ ရွံရန်၊ မလုပ်ရန်လိုပါသည်။ မိမိမလုပ်သကဲ့သို့ မိမိလူမှုပတ်ဝန်းကျင်တွင် လာဘ်ပေးလာဘ်ယူများကို တွေ့ရှိပါကလည်း ထုတ်ဖော်တိုင်ကြားမှ ပြည်သူ့တာဝန်ကျေပါမည်။

ငွေကြေးပေးမှ အဂတိတရားဖောက်ဖျက်သည် မဟုတ်ပါ။ အောက်ပါ အချက်များသည်လည်း အဂတိတရားဖောက်ဖျက်မှုကို သွယ်ဝိုက်၍လုပ်ခြင်းဖြစ်ပါသည်။

၁။ အခါကြီးရက်ကြီးများတွင် အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူကို တန်ဖိုးကြီးပစ္စည်းများဖြင့် ကန်တော့ခြင်း။။

၂။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ မိသားစု မွေးနေ့၊ မင်္ဂလာဆောင်များတွင် တန်ဖိုးကြီးပစ္စည်းများ လက်ဆောင်ပေးခြင်း။

၃။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ အိမ်၊ ခြံမြေ၊ ကားတို့ကိုဈေးကြီးပေး၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း။

၄။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ မိသားစု နိုင်ငံခြားသွားရောက်သည့် ခရီးစဉ်များကို အကုန်အကျခံပေးခြင်း။

၅။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ မိသားစုနိုင်ငံခြားသွားရောက်သည့် ခရီးစဉ်များတွင် ဆေးကုသပေးခြင်း၊ ဆေးစစ်ပေးခြင်း။

၆။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ မိသားစုများ၏ နိုင်ငံခြားကျောင်းတွင် ပညာသင်စရိတ်များကို ထောက်ပံ့ခြင်း။

၇။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူနှင့် ဂေါက်သီး ကြေးကြီးကြီးရိုက်၍ အရှုံးခံကစားခြင်း။

၈။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ သို့မဟုတ် မိသားစုဝင်တစ်ဦးဦးက စီးပွားရေးလုပ်ငန်းထူထောင်၍ မိမိဩဇာလွှမ်းမိုးသော လုပ်ငန်းခွင်တွင် ပစ္စည်းသွင်းခြင်း၊ ဝန်ဆောင်မှုပေးခြင်း။

၉ ။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ မိသားစုဝင်များကို အလုပ်ခန့်ခြင်း၊ မတန်တဆ လခပေးခြင်း။

၁၀။ အခွင့်အရေးပေးနိုင်သူ၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ပေးနိုင်သူ၏ မိသားစုဝင်များ ရှယ်ယာပါဝင်ထားသော ကုမ္ပဏီကို မိမိဩဇာအာဏာကိုသုံး၍ အလုပ်ပေးခြင်း၊ တင်ဒါ အအောင်ပေးခြင်း။

နိဂုံးချုပ်အနေဖြင့် အဂတိလိုက်စားမှုသည် အလွန်သိမ်မွေ့ပါသည်။ အထက်ပါဖော်ပြခဲ့သည့် ၁၀ ချက်အပြင် အခြားနည်းများသုံး၍လည်း အဂတိတရားဖောက်ဖျက်နိုင်ပါသည်။ အစိုးရ၊ ပြည်သူနှင့် မီဒီယာ အချိုးညီညီ ပူးပေါင်းလျှင် အဂတိတရားလိုက်စားမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်သူများ၏အကျိုးစီးပွားများလည်း တိုးမြှင့်လာမည်ဟု ယုံကြည်ပါသည်။ ။

## မြစ်သားမြို့ကျောင်းအုပ်စုအဆင့် GRADE-2 (ဒုတိယတန်း) သင်ရိုးသစ်တန်း ဆွေးနွေးပွဲဖွင့်လှစ်

**မြစ်သား မေ ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကျောင်းအုပ်စုအဆင့် GRADE-2 (ဒုတိယတန်း) သင်ရိုးသစ်တန်း ဆွေးနွေးပွဲကို လုပ်အားကြေးမုံခန်းမ၌ မေ ၈ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်း၊ မြစ်သားမြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညိုအေးတို့က သင်တန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို မှာကြားကြသည်။

သင်တန်းသို့ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ဆရာမပေါင်း ၆၈၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ မေ ၂၃ ရက်အထိဖြစ်ကာ ကြက်တူရွေး စာသင်စနစ်မှ ကလေးတွေ ကိုယ်တိုင် စဉ်းစားသင်ယူနိုင်မည့် သင်ရိုးများကို သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်တွေ့မီးငြှိမ်းသတ်

**နေပြည်တော် မေ ၈**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းအခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၂) တပ်မတော်သားဖွားမီးယပ်နှင့်



ကလေးဆေးရုံ ခုတင် ၃၀၀ ဝင်းအတွင်း၌ မေ ၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ မှတပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက တက်ရောက်လာသည့် တပ်မတော်အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်း၊ အိမ်ထောင်သည်ရဲမေနှင့် မိသားစုဝင်များအား အသိပညာပေးဆွေးနွေးပြီး မီးအမျိုးအစားအလိုက် လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့သည်။

အခမ်းအနားသို့ အမှတ် (၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ မှ တပ်မှူးနှင့် အရာရှိစစ်သည်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရပ်သားဝန်ထမ်းနှင့် အိမ်ထောင်သည်ရဲမေများ ၂၅၀ ခန့် တက်ရောက်ခဲ့သည်။ **ထွန်းလင်း(မြို့နယ်ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်ရေးကော်မတီ ထူးချွန်ကြက်ခြေနီ ၁၂ ဦးကို ဂုဏ်ပြုဆုချီးမြှင့်

**မုံရွာ မေ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု မြန်မာနိုင်ငံလုံးဆိုင်ရာ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ တက်ရောက်ခွင့်ရကြသည့် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ် ၁၂ ဦးကို မုံရွာမြို့ မြို့တော်ခန်းမ၌ မေ ၈ ရက် နံနက်ပိုင်းက ကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က "သဘာဝဘေးဒဏ် ခံစားရတဲ့ အချိန်တွေသာမက ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကိုလည်း စီမံချက်တွေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသလို လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပေးနေကြတယ်ဆိုတာ တွေ့ရပါတယ်။ တန်ဖိုးရှိလှတဲ့ ရှေးဦးပြုစုတဲ့ပညာရပ်တွေကို လူထုအတွင်း ဖြန့်ဝေတာအပြင် ကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အခြေခံမူနဲ့အညီ လုပ်ဆောင်တာဖြစ်လို့ အများရဲ့ ယုံကြည်အားထားမှုကို ဒီနေ့အထိ ရရှိနေတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကြက်ခြေနီမောင်မယ်များက ရှေးဦးပြုစုခြင်းသရုပ်ပြကြကာ ၂၀၁၇ ခုနှစ် ထူးချွန်ကြက်ခြေနီမောင်မယ် ၁၂ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဥပဒေချုပ်ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရှေးဦးပြုစုခြင်း အသိပညာ၊ အတတ်ပညာများ ကျေးလက်ဒေသအထိ ပြန့်ပွားစေရန် ရည်ရွယ်ပြီး ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းကို မေ ၅ ရက်မှ ၁၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပြီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်သုံးခုတွင် ငါးနှစ်အောက်ကလေးငယ်များကို တိုးချဲ့ကာကွယ်ဆေး ထိုးနှံပေးမည်

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်း မြို့နယ်များရှိ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ် ၂၁၇၈၁ ဦးကို ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီတွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ကာကွယ်ဆေး ကိုးမျိုးထိုးနှံပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"နာဂဒေသမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ ရာသီဥတုအခြေအနေတွေကြောင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို လုပ်ဆောင်ဖို့ခဲယဉ်းတဲ့အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ၂၀၁၆ ခုနှစ် ကနေစတင်ပြီးတော့ နှစ်စဉ်ပွင့်လင်းရာသီတွေမှာ ထိုးနှံပေးနေတာပါ၊ အဲဒီလို ထိုးနှံခြင်းလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါမှာ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးအသိပညာဗဟုသုတတွေနည်းပါးတဲ့အတွက် တချို့တွေက ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ ငြင်းဆန်တာတွေရှိတယ်၊ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ နေရာတိုင်းကို မသွားနိုင်တဲ့ အခက်အခဲတွေရှိတဲ့အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် လုပ်ဆောင်တာပါ၊ ဒီလုပ်ငန်းတွေ အခုထက်ပိုပြီးအောင်မြင်ဖို့အတွက် ဒေသခံအဖွဲ့အစည်းတွေက ပူးပေါင်းပါဝင်ကြစေလိုပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး တိုးချဲ့ကာကွယ်ဆေး/ကူးစက်အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်သူဆွေက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ၂၀၁၆ ခုနှစ်အတွင်းက မွေးကင်းစမှ အသက်တစ်နှစ်အောက် ကလေးငယ် ၃၂၁၈ ဦး၊ အသက်တစ်နှစ်မှ ငါးနှစ်အောက်ကလေးငယ် ၁၅၀၀၄ ဦး စုစုပေါင်း ၁၈၂၂၂ ဦးအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် မွေးကင်းစမှ အသက်တစ်နှစ်အောက် ကလေးငယ် ၃၆၆၅ ဦး၊ အသက် တစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ် ၃၆၁၉ ဦး စုစုပေါင်း ၇၂၈၄ ဦး အားလည်းကောင်း တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အသက်တစ်နှစ်အောက် ကလေးငယ် ၁၈၂၈၁ ဦး၊ အသက် တစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ် ၃၅၀၀ စုစုပေါင်း ၂၁၇၈၁ ဦး တို့အား လာမည့်ပွင့်လင်းရာသီဖြစ်သော ၂၀၁၈ ခုနှစ် နိုဝင်ဘာမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မြစ်သားမြို့၌ ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား မေ ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့မအရှေ့ရပ်ကွက် ကင်းတားဝင်းနှင့် ဘူတာရပ်ကွက်တို့ရှိ ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှုကို ခရိုင်လျှပ်စစ်မန်နေဂျာနှင့်အဖွဲ့က မေ ၈ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ထရန်စဖော်မာများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သီးခြားရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာများဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီထရန်စဖော်မာတွေ တပ်ဆင်ပြီးပါပြီ၊ ဒါကြောင့် ကင်းတားဝင်းနှင့် ဘူတာရပ်ကွက်တို့မှာ ဗို့အားကျဆင်းမှုတွေကို ကုစားနိုင်ခဲ့ပြီး ရပ်ကွက်နေပြည်သူတွေ ဓာတ်အားပိုမိုပြည့်ဝစွာ အသုံးပြုနိုင်တော့မှာပါ" ဟု ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# သစ်လွင်ဘက်စုံ သားဖွားဆရာမများ လုပ်ငန်းခွင်(အကြို)သင်တန်းဆင်း

**နေပြည်တော် မေ ၈**

သစ်လွင်ဘက်စုံ သားဖွားဆရာမများ လုပ်ငန်းခွင်(အကြို) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက နေပြည်တော်အတွင်း လုပ်ငန်းခွင်ဝင်ရောက်ကြမည့် သစ်လွင်ဘက်စုံ သားဖွားဆရာမများအား ခန့်အပ်လွှာနှင့် Midwife Kit များကို ပေးအပ်ရာ မြို့နယ်အလိုက် သားဖွားဆရာမများက လက်ခံရယူကြပြီး သစ်လွင်ဘက်စုံ သားဖွားဆရာမများကိုယ်စား သားဖွားဆရာမတစ်ဦးက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

"ပြည်သူ့အတွက် အရည်အသွေးပြည့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပြီး နေပြည်တော်အတွင်း လုပ်ငန်းခွင်ဝင်ရောက်ကြမယ့် ပြည်နယ်အသီးသီးက ဘက်စုံသားဖွားဆရာမအသစ်တွေကို ခြောက်ရက်သင်တန်း ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်၊ ဘက်စုံ သားဖွားဆရာမအသစ်တွေအနေနဲ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာမှာ အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့လာပါက အလွယ်တကူကျော်ဖြတ်နိုင်ဖို့အတွက်လုပ်ငန်းခွင် အတွေ့အကြုံတွေကို သင်ကြားပေးတာပါ၊ သစ်လွင်ဘက်စုံ သားဖွားဆရာမတွေအနေနဲ့ သင်တန်းကပို့ချပေးတဲ့ အခြေခံပညာရပ်တွေကို အသုံးပြုပြီး ပြည်သူ့အတွက် စေတနာပြည့်ဝစွာဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ပြောကြားခဲ့သည်။

အဆိုပါ သစ်လွင်ဘက်စုံသားဖွားဆရာမများ လုပ်ငန်းခွင်အကြိုသင်တန်းတွင် ဇမ္ဗူသီရိမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ ခြောက်ဦး၊ ပုဗ္ဗသီရိမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ ၁၂ ဦး၊ ဥတ္တရသီရိမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ လေးဦး၊ ဒက္ခိဏသီရိမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ တစ်ဦး၊ ပျဉ်းမနားမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ ရှစ်ဦး၊ လယ်ဝေးမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမ ခြောက်ဦးနှင့် တပ်ကုန်းမြို့နယ်အတွက် ဘက်စုံသားဖွားဆရာမတစ်ဦး စုစုပေါင်း ဘက်စုံသားဖွားဆရာမ ၃၈ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်း၊ မိမိတို့ တာဝန်ကျရာ ဒေသအသီးသီး၌ ဆက်လက် တာဝန်ထမ်းဆောင်သွားကြရမည် ဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# လူထုဗဟိုပြုစီမံကိန်း လက်ထောက်နည်းပညာမှူးများ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ရွှေကူ မေ ၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ လူထုဗဟိုပြုစီမံကိန်း လက်ထောက်နည်းပညာမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက ရွှေကူမြို့ ရပ်ကွက်(၂) ဇေယျသုခ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေညွန့်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယဉ်ခိုင်က လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းတွင် အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များအား ခွင့်ပြုရန်ပုံငွေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စီမံကိန်းလုပ်ငန်းများတွင် သိသင့်သည့်အချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ အင်အား ၂၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ခြောက်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ မြို့နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ သိသင့်သည်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး ရွှေကူမြို့နယ်နှင့် မဘိမ်းမြို့နယ်တို့မှ ဌာနတွင်းဝန်ထမ်းနှင့် လူထုစည်းရုံးရေးမှူးများ အင်အား ၁၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ဦးလေးကြီး**

# ပဲခူးမြို့ ကလိကျေးရွာအနီး ခုတင် ၅၀၀ ဆံ့ ခြောက်ထပ်ဆေးရုံ ဆောက်လုပ်



**ပဲခူး မေ ၈**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် မေ ၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ ကလိကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းမကြီးဘေးတွင် ဆောက်လုပ်လျက်ရှိသော ခုတင် ၅၀၀ ဆံ့ ခြောက်ထပ်ဆေးရုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆေးရုံတည်ဆောက်ရေးရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်က ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ အမြန်ဆုံးနှင့် အကောင်းဆုံးဆောက်လုပ်ပြီးစီးစေလိုကြောင်း၊ ကြန့်ကြာနေမှုများနှင့် ပတ်သက်၍ လိုအပ်သည့် ဌာနဆိုင်ရာများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ သတ်မှတ်ကာလထက်စောပြီး ဖွင့်လှစ်ပေးနိုင်ပါက ပြည်သူများကို အကျိုးပြုရာရောက်သဖြင့် စေတနာထား၍ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်သွားရန် မှာကြားခဲ့သည်။

ထို့နောက် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးက ပြည်သူများ ခရီးနီးနီးမှာ လွယ်လွယ်ကူကူ ဆေးရုံတက်ရောက်ကုသနိုင်ရန် ရည်ရွယ်တည်ဆောက်ရခြင်းဖြစ်၍ ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်ကူညီစေလိုကြောင်း၊ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အင်ဂျင်နီယာပညာရှင်များနှင့် မြန်နန္ဒာကုမ္ပဏီမှ ဆောက်လုပ်ရေးတာဝန်ခံက ဆေးရုံတည်ဆောက်ရေးနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုတင် ၅၀၀ ဆံ့ ခြောက်ထပ်ဆေးရုံ ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံဧရိယာအတွင်း ရေဝပ်မှုမရှိစေရေး၊ ရေနုတ်မြောင်းများ၊ အုပ်ချုပ်မှုအဆောက်အအုံများ၊ လမ်းများဖောက်လုပ်ရန်နေရာများအား သေချာစိစစ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ဦးပိုင် အမှတ်(၆၄၇-ခ) မြေဧရိယာ ၂၅ ဧကပေါ်တွင် ခုတင် ၅၀၀ ဆံ့ ခြောက်ထပ် ဆေးရုံကြီးအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူခဲ့ရာ မြန်နန္ဒာကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး နိုင်ငံတော်မှ ရရှိသည့် ဘတ်ဂျက်ငွေပေါ်မူတည်၍ ဆောက်လုပ်ခဲ့ရာ ယခုအခါ ၂၃ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## စစ်တုရင် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် မေ ၈**
တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ သတ္တမမြောက်နေ့ပွဲစဉ်များကို မေ ၈ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးတစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုကို မေဆုလွင် (ရန်ကုန်) က လည်းကောင်း၊ ဒုတိယဆုကိုဥမ္မာစိုး (ရန်ကုန်) ကလည်းကောင်း၊ တတိယဆုကို အိခြိမ့်ခြိမ့် (ရှမ်း)ကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးအသင်းအလိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်းကလည်းကောင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး အသင်းကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ်အသင်းကလည်းကောင်း အသီးသီးဆွတ်ခူးရရှိသွားကြောင်း သိရသည်။

ယနေ့ပွဲစဉ်များအဖြစ် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၃၈ ဦးတို့ကလည်းကောင်း၊ အသက် ၂၀ နှစ်အောက် စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၄၆ ဦးတို့ကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင်စုစုပေါင်း ၅၄ ဦးတို့ကလည်းကောင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲကို မေ ၂ ရက်မှစတင်ပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပခဲ့ပြီး မေ ၉ ရက် နံနက် ၉ နာရီတွင် နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**



၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မေ ၇ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်အောင်က ဆုရရှိသူများအား ဆုများချီးမြှင့်စဉ်။ **သက်မှူး**

## ညပိုင်း ဘတ်စ်ကားစီးသူများ ခက်ခဲမှုလျော့နည်းစေရန် YBS ယာဉ်များပြေးဆွဲပေး

**ရန်ကုန် မေ ၈**
ရန်ကုန်မြို့၏ YBS ဘတ်စ်ကားလိုင်းများ ပြေးဆွဲမှုတွင် ယာဉ်မလုံလောက်မှုကြောင့် အိမ်အပြန်အခက်အခဲဖြစ်ပေါ်နေမှုများအပေါ် ညပိုင်းအထိ ပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ညအချိန် ယာဉ်ရပ်မှတ်တိုင်များတွင် ခရီးသည်များ စုပြုံနေပြီး ဘတ်စ်ကားမလုံလောက်မှုကြောင့် သွားလာမှု အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ညပိုင်းအထိ ဘတ်စ်ကားလိုင်းများ ပြေးဆွဲမှုကို တစ်လခန့် စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဘတ်စ်ကား ၁၂ လိုင်းခန့် ပြေးဆွဲပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

"အဓိကလမ်းကြောင်း ကိုးခုမှာ ယာဉ်လိုင်း ၁၂ လိုင်းလောက် ညကြီးပိုင်းအထိ ပြေးဆွဲပေးနေပါတယ်။ ပြေးဆွဲပေးနေတာကတော့ တစ်လလောက်တော့ရှိပါပြီ။ စမ်းသပ်ပြေးဆွဲနေတာပါ။ အခုက ဆက်လက်ပြေးဆွဲပေးနေပါတယ်။ ညပိုင်းကားတွေ မရှိတာရယ်၊ ကြားကားတွေပဲ အားထားနေရတာတွေကြောင့် YBS ယာဉ်လိုင်းတွေ တိုးချဲ့ပြေးဆွဲပေးတာပါ"ဟု အဆိုပါ အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ညကြီးပိုင်းအထိ ပြေးဆွဲပေးလျက်ရှိသော ယာဉ်အစီးရေမှာ အစီး ၂၀၀ ဝန်းကျင်ခန့်ရှိပြီး ဗိုလ်တထောင်ဘုရားလမ်းမှ သန်လျင်-သုံးခွ-ခရမ်းလမ်းကြောင်း၊ ဆူးလေမှ တောင်ဥက္ကလာ-မြောက်ဒဂုံလမ်းကြောင်း၊ ဆူးလေမှ တာမွေ-သာကေတလမ်းကြောင်း၊ ကြည့်မြင်တိုင်-ဗိုလ်တထောင်-သာကေတလမ်းကြောင်း၊ ဆူးလေမှ ရွှေပေါက်ကံ-အောင်မင်္ဂလာအဝေးပြေးလမ်းကြောင်း၊ ဆူးလေမှ သိမ်ဖြူ-စံပြဈေး- တောင်ဒဂုံလမ်းကြောင်း၊ ဆူးလေမှ မြောက်ဥက္ကလာ-အရှေ့ဒဂုံလမ်းကြောင်း၊ သခင်မြပန်းခြံမှ ဗိုလ်တထောင် မြို့တွင်းပတ် လမ်းကြောင်း၊ ဒဂုံဧရာအဝေးပြေးမှ ၈ မိုင် - စံပြဈေး - တောင်ဒဂုံလမ်းကြောင်းတို့ဖြစ်ကြောင်း သိရသည်။

YBS ယာဉ်လိုင်းများ ညကြီးပိုင်းအထိ တိုးချဲ့ပြေးဆွဲပေးလာသော်လည်း ယာဉ်စီးခနှုန်းထားမှာ ပုံမှန်အတိုင်းပင်ဖြစ်ပြီး ယာဉ်စီးခ ပိုမိုတောင်းခံမှုများကို တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။ **၀၀၁**

## လယ်ယာသုံးစက်ကိရိယာများ စနစ်တကျမောင်းနှင်ထိန်းသိမ်းမှု နည်းပညာပေးသင်တန်းများဖွင့်လှစ်

**သန်လျင် မေ ၈**
ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာများ စနစ်တကျမောင်းနှင်ထိန်းသိမ်းမှု နည်းပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းထိုက်တို့က အဖွင့်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ တောင်ပိုင်းခရိုင်မြို့နယ်များမှ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများ၊ လယ်ယာသုံးစက်ကိရိယာ ဝယ်ယူထားသူ သမဝါယမအသင်းသားတောင်သူများ၊ စိတ်ပါဝင်စားသူ အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို မေ ၇ ရက် မှ မေ ၁၁ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း လုပ်ငန်းဆိုင်ရာစည်းဝေး

**ဗိုလ်တထောင် မေ ၈**
ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မေ ၅ ရက် နံနက် ၉ နာရီက YMCA အခန်း အမှတ်(၁၀၅)၌ ကျင်းပခဲ့သည်။

စာရေးဆရာအသင်း(ဗဟို)မှ ဦးခင်ရွှေ (ရွှေစွန်ညို)၊ ဦးစိန်လှ (သိပ္ပံစိုးမြင့်နိုင်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## အလယ်တန်းအဆင့် အခြေခံပန်းချီသင်တန်းဆင်း

**ဒေးဒရဲ မေ ၈**
မြန်မာ့ရိုးရာ ပန်းချီအနုပညာ ရေရှည်တည်တံ့စေရေးနှင့် ထူးချွန်ပန်းချီမျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်လျက် ဧပြီ ၂၃ မှ မေ ၆ ရက်ထိ ဖွင့်လှစ်ခဲ့သည့် အလယ်တန်းအဆင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနွယ်၊ သင်တန်းနည်းပြဆရာနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ခိုင်တို့က အမှာစကားပြောကြားပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဒေးဒရဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သပြေထွန်း**

## ရွှေတောင်မြို့နယ်တွင် မြစိမ်းရောင်ချေးငွေများ ပြန်လည်ထုတ်ချေး

**ရွှေတောင် မတ် ၈**
ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာများအား (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးလျက်ရှိရာ ပေါင်းချုပ်အုပ်စု၊ ညံတောကြီးနှင့်ညံကံကြီး ကျေးရွာတို့တွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက မေ ၇ ရက် မွန်းလွဲပိုင်းက စီမံကိန်းဝင်ကျေးရွာသားများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့သည်။

ယခုနှစ်တွင် ညံတောကြီးနှင့် ညံကံကြီး ကျေးရွာအတွက် ပေးအပ်သည့် မြစိမ်းရောင်ချေးငွေ စုစုပေါင်းမှာ ငွေကျပ် ၃၈၆ သိန်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ရုံးမှ သိရသည်။

**သူရအောင်(ပြည်)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ကြီး (သို့မဟုတ်) ကမ္ဘာ့ကြက်ခြေနီလှုပ်ရှားမှု

တက္ကသိုလ်ဇော်ထူးဦး

ယနေ့ကမ္ဘာတွင် လူသားတို့ဘဝလုံခြုံရေး၊ လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခများဖြေရှင်းရေးစသည့် အခန်းကဏ္ဍများအတွက် အဖွဲ့အစည်းများစွာတို့ လှုပ်ရှားဆောင်ရွက်နေကြသည်။ ထို့အပြင် ဒေသဆိုင်ရာ နိုင်ငံများအဖွဲ့၊ စီးပွားရေးဆိုင်ရာအဖွဲ့များ၊ စစ်ရေးဆိုင်ရာ အဖွဲ့များနှင့် အကြမ်းဖက်ဆိုင်ရာ အဖွဲ့အစည်းများကို လည်း နိုင်ငံတကာမျက်နှာစာတွင် ထင်ထင်ပေါ်ပေါ် တွေ့နေကြရသည်။

နိုင်ငံအစိုးရများပါဝင်ကာ ဖွဲ့စည်းထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံပေါင်း ၁၉၂ နိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံများ၏ စစ်ရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဆောင်ရွက်လျက်ရှိသည်။ အလားတူ အသင်းဝင်နိုင်ငံ ၁၉၀ ကျော်ပါဝင်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့ကြီးမှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးပင်ဖြစ်သည်။

## စတင်သန္ဓေတည်

ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် အစိုးရမဟုတ်သော အသင်းအဖွဲ့ (အင်န်ဂျီအို) မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် အစိုးရများသည် ကြက်ခြေနီဆိုင်ရာ ကွန်ဗင်းရှင်းနှင့် စာချုပ်များကို လက်မှတ်ရေးထိုးထားပြီး လေးစားလိုက်နာကျင့်သုံးရန် သဘောတူညီထားကြသောကြောင့် ဖြစ်သည်။ ထိုသဘောတူညီချက်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည့်အတွက် ကြက်ခြေနီကိုလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့ Humanitarian Organization ဟု ခေါ်တွင်ပါသည်။

၁၈၅၉ ခုနှစ်က အီတလီမြောက်ပိုင်း လွမ်ဘာတီဒေသတွင်ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်ပွဲမှ စတင်သန္ဓေတည်ခဲ့သည့် လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သား ဟင်နရီဒူးနန့်၏ လှုံ့ဆော်စည်းရုံးမှုကြောင့် ကြက်ခြေနီအမည်ဖြင့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဟုခေါ်တွင်မည့် စစ်အတွင်းထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးရေးကော်မတီကို ပုဂ္ဂိုလ်ငါးဦးဖြင့် ဖွဲ့စည်းရာမှစတင်ခဲ့သည်။

## အသိအမှတ်ပြု

ကြက်ခြေနီသည် အစပိုင်းတွင် စစ်အတွင်းထိခိုက်ဒဏ်ရာရသူများကို ကူညီပြုစုပေးနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို အလေးထားကာ ဆောင်ရွက်လာခဲ့သည်။ ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) နှင့် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်း (National Societies) တို့ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ၁၉၃၉ ခုနှစ် ဧပြီ ၂၀ ရက်တွင် အမျိုးသားကြက်ခြေနီအသင်းတစ်သင်းအဖြစ်အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ် မေ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းသို့ ဝင်ရောက်ခဲ့သည်။

## ထူးခြားသော ဝိသေသနှင့် ပုံရိပ်များ

ကမ္ဘာ့ကြက်ခြေနီလှုပ်ရှားမှု၏ ထူးခြားသောဝိသေသနှင့် ပုံရိပ်များမှာ နိုင်ငံအစိုးရများ သဘောတူလက်မှတ်ရေးထိုးထားသည့် ဂျီနီဗာအများသဘောတူစာချုပ်များ (Geneva Conventions)၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ International Humanitarian Law (IHL) တို့ကို လေးစားလိုက်နာရန်တိုက်တွန်းခြင်း၊ လေးစားလိုက်နာကာဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

ဂျီနီဗာအများသဘောတူစာချုပ်များကို ၁၈၆၄ ခုနှစ်တွင် စတင်ချုပ်ဆိုခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ကျင်းပခဲ့သော နိုင်ငံတကာသံတမန်ညီလာခံကြီး၌ ပြန်လည်ပြင်ဆင်ဖြည့်စွက်ကာ "၁၉၄၉ ခုနှစ် ဩဂုတ် ၁၂ ရက် ဂျီနီဗာအများသဘောတူစာချုပ်များ" ဟုခေါ်တွင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအစိုးရများ သဘောတူလက်မှတ်ရေးထိုးထားသော ဂျီနီဗာအများသဘောတူစာချုပ် လေးခုရှိသည်။

ပထမစာချုပ်သည် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများနှင့်နာမကျန်းဖြစ်သူများအား ကူညီစောင့်ရှောက်ရေးနှင့် သက်ဆိုင်သည်။ ဒုတိယစာချုပ်သည် ပင်လယ်ပြင်တွင် အတိဒုက္ခရောက်နေသော စစ်ဘက်ဆိုင်ရာသင်္ဘောများနှင့်လူများအား ပြုစုစောင့်ရှောက်ရေးနှင့်သက်ဆိုင်သည်။ တတိယစာချုပ်သည် စစ်သုံ့ပန်းများအား ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သက်ဆိုင်သည်။ စတုတ္ထစာချုပ်သည် စစ်မက်ဖြစ်ပွားစဉ် လက်နက်ကိုင်တပ်ဖွဲ့ဝင်မဟုတ်သော အရပ်သားများအား အကာအကွယ်ပေးရေးစောင့်ရှောက်ရေးနှင့် သက်ဆိုင်သည်။

ထို့အပြင် နောက်ဆက်တွဲစာချုပ်သုံးခုလည်းရှိသည်။ နောက်ဆက်တွဲ ပထမစာချုပ်သည် နိုင်ငံတကာစစ်မြေပြင်တွင် ဒုက္ခသည်များအား အကူအညီပေးရေးနှင့် သက်ဆိုင်သည်။ နောက်ဆက်တွဲ ဒုတိယစာချုပ်သည် နိုင်ငံတကာစစ်မြေပြင်မဟုတ်သော စစ်မြေပြင်များတွင် ဒုက္ခသည်များအား အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည်။ နောက်ဆက်တွဲ တတိယစာချုပ်သည် ကြက်ခြေနီလှုပ်ရှားမှုများတွင် အနီရောင် ခရစ္စတယ်အမှတ်အသား Red Crystal ကို အကာအကွယ်ရယူနိုင်သည့် အမှတ်အသားအဖြစ် လက်ခံအသိအမှတ်ပြုခြင်းဖြစ်သည်။

ဂျီနီဗာအများသဘောတူစာချုပ်များတွင် နောက်ဆက်တွဲစာချုပ် သုံးခုအပါအဝင်ပုဒ်မပေါင်း ၄၂၉ ခု ပါဝင်သည်။ အဆိုပါစာချုပ်များကို ၁၈၅ နိုင်ငံအစိုးရများက လက်မှတ်ရေးထိုးထားကြသည်။

> ကြက်ခြေနီသည် နိုင်ငံတကာအစိုးရများက သဘောတူလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအတိုင်း ဆောင်ရွက်ရသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့ကြီး ဖြစ်သည်။ သဘာဝဘေး၊ စစ်ဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ လူမှုပဋိပက္ခများ စသည့်ဖြစ်စဉ်များကြောင့် အတိဒုက္ခရောက်နေကြသည့် လူသားများအား ကူညီ . . .

## အဓိကပုံရိပ်

ကြက်ခြေနီလှုပ်ရှားမှုတွင် အဓိကကျသည့်အခြားဥပဒေတစ်ခုမှာ "အပြည်ပြည်ဆိုင်ရာလူမှုကရုဏာဥပဒေ" ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ဂျီနီဗာအများသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့်၊ ၁၅၉ နိုင်ငံတက်ရောက်ခဲ့သည့် ညီလာခံကသဘောတူခဲ့ပြီး အကာအကွယ်ပေးရေးနှင့် တားဆီးရေးဥပဒေတစ်ရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူမှုကရုဏာဥပဒေသည် စစ်ပွဲတွင်ပါဝင်တိုက်ခိုက်ခြင်းမပြုသော၊ စစ်ပွဲနှင့်မသက်ဆိုင်သော အရပ်သားများနှင့် စစ်ပွဲတွင်ဆက်လက်တိုက်ပွဲမဝင်နိုင်သော ဒဏ်ရာရစစ်သည် စစ်သုံ့ပန်းများအား အကာအကွယ်ပေးရန်ပြဋ္ဌာန်းထားသောဥပဒေဖြစ်သည်။

အဆိုပါဥပဒေကို နိုင်ငံတကာလက်နက်ကိုင်တိုက်ပွဲများနှင့် နိုင်ငံတကာမဟုတ်သော ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများတွင်လိုက်နာရန် ပြဋ္ဌာန်းထားသည်။ ဤဥပဒေသည် အရပ်သားများ၊ နာမကျန်းနှင့် ဒဏ်ရာရသူများ၊ စစ်သုံ့ပန်းများ၊ ဆေးဘက်ဆိုင်ရာနှင့်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ဆေးအဖွဲ့များ၊ သူနာတင်ယာဉ်များနှင့်ကယ်ဆယ်ရေးအဖွဲ့များကို အကာအကွယ်ပေးထားသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီလှုပ်ရှားမှုတွင် အဓိကလိုက်နာဆောင်ရွက်ရသည်မှာ ကြက်ခြေနီ အခြေခံမူ ခုနစ်ချက်ပင်ဖြစ်သည်။ ကြက်ခြေနီအခြေခံမူများမှာ လူသားချင်းစာနာထောက်ထားခြင်း Humanity၊ ခွဲခြားဆက်ဆံမှုမရှိခြင်း Impartiality၊ ကြားနေခြင်း Neutrality၊ လွတ်လပ်စွာဆောင်ရွက်ခြင်း Independence၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း Voluntary Service၊ စည်းလုံးညီညွတ်ခြင်း Unityနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ဆောင်ရွက်ခြင်း Universality တို့ဖြစ်သည်။

စစ်ပွဲနှင့်ပဋိပက္ခများတွင် ဆေးအဖွဲ့အဖြစ်လည်းကောင်း၊ ကြားနေဆောင်ရွက်ပေးသူများအဖြစ် လည်းကောင်း နိုင်ငံတကာအစိုးရများ သဘောတူကာ အသိအမှတ်ပြုထားသည့် ကြက်ခြေနီအမှတ်အသား Red Cross Emblem သည် ကြက်ခြေနီလှုပ်ရှားဆောင်ရွက်မှု၏ အဓိကပုံရိပ်ဖြစ်သည်။ နိုင်ငံအများစုမှာ ကြက်ခြေနီအမှတ်အသားကိုအသုံးပြုကြပြီး အစ္စလာမ်ဘာသာကိုးကွယ်သော နိုင်ငံများတွင် လခြမ်းနီအမှတ်အသားကို အသုံးပြုကာ အစ္စရေးနိုင်ငံကမူ အနီရောင်ခရစ္စတယ်အမှတ်အသားကို အသုံးပြုသည်။ အဆိုပါ ကြက်ခြေနီအမှတ်အသားကို ကြက်ခြေနီနှင့်မသက်ဆိုင်သူများ တပ်ဆင် အသုံးပြုခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကြက်ခြေနီသည် ကြားနေအဖြစ် ရပ်တည်ဆောင်ရွက်ပေးရသည့်အတွက် နှစ်ဖက်ယုံကြည်မှုကို လိုအပ်သောကြောင့် ပင်ဖြစ်သည်။

ဖော်ပြပါ စာချုပ်များ၊ ဥပဒေများသည် ကြက်ခြေနီလှုပ်ရှားမှုတွင် အဓိကပါဝင်သည့်သတ်မှတ်ချက်များဖြစ်သည့်အတွက် အခြားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများနှင့် သဘောသဘာဝ ကွာခြားသည်။ ကြက်ခြေနီသည် နိုင်ငံတကာအစိုးရများက သဘောတူလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအတိုင်း ဆောင်ရွက်ရသည့် "လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့ကြီး" ဖြစ်သည်။ သဘာဝဘေး၊ စစ်ဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ လူမှုပဋိပက္ခများ စသည့်ဖြစ်စဉ်များကြောင့် အတိဒုက္ခရောက်နေကြသည့် လူသားများအား ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ကြက်ခြေနီဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းအသင်းဝင် ၉၇ သန်းခန့်သည် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် အကျိုးခံစားခွင့်ရှိသူ သန်း ၂၄၀ ခန့်ကို ကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။



## နေရာမရွေး၊ လူမရွေး

ကြက်ခြေနီ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလှုပ်ရှားမှုများကို ဖော်ညွှန်းရန်နှင့် အသိအမှတ်ပြုနိုင်ရန် ၁၉၄၈ ခုနှစ်မှစတင်ကာ မေ ၈ ရက်ကို ကြက်ခြေနီနှင့်လခြမ်းနီနေ့အဖြစ် အဖွဲ့ဝင်နိုင်ငံများတွင် စတင်ကျင်းပခဲ့သည်။ မေ ၈ ရက်သည် ကြက်ခြေနီစိတ်ဓာတ်ကို စတင်ပျိုးထောင်ခဲ့သူ "ဟင်နရီဒူးနန့်"၏ မွေးနေ့ဖြစ်သည်။ ၁၈၂၈ ခုနှစ် မေ ၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ယခုနှစ်မှာ "ဟင်နရီဒူးနန့်" ၏ နှစ် ၁၉၀ ပြည့် မွေးနေ့ဖြစ်သည်။

ကြက်ခြေနီသည် နေရာမရွေး၊ လူမရွေးကူညီနေသည်။ ကြက်ခြေနီသည် ကမ္ဘာတစ်ဝန်းမှ လူသားတို့၏ အပြုံးကို အမှတ်တရရှိနေမည်။ ကြက်ခြေနီ၏ကူညီမှုကြောင့် လူသားတို့၏ ဘဝနှင့်ဂုဏ်သိက္ခာမြင့်မားစေမည်။ ကမ္ဘာ့ကြက်ခြေနီနေ့သည် စေတနာ့ဝန်ထမ်းအားလုံးအတွက် အမှတ်တရဖြစ်စေမည်။ ။



# “What Is Love?”နဲ့ တေးဂီတဇယားကို ဦးဆောင်နေဆဲ TWICE

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE” ဟာ နောက်ဆုံးထွက်ရှိထားတဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ ခေါင်းစီးတေး “ What Is Love?”နဲ့ ဒေသတွင်း တေးဂီတဇယားကို နံပါတ်တစ်နေရာကနေ ဦးဆောင်ထားနိုင်ဆဲဖြစ်တာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာဖြစ်တာကြောင့် သီတင်းနှစ်ပတ်ဆက်တိုက် ဦးဆောင်နိုင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေလ ပထမပတ်အတွက် တေးဂီတဇယားကို “What Is Love?” က ထိပ်ဆုံးမှ ဦးဆောင်နေတာဖြစ်ပါတယ်။ ဒုတိယနေရာမှာတော့ “WINNER”ရဲ့ “EVERYDAY”တေးသီချင်းက နေရာယူထားတာဖြစ်ပါတယ်။ တတိယနေရာမှာတော့ “BIG BANG”ရဲ့ တေးသီချင်း “Flower Road”က ရပ်တည်နေပါတယ်။ “Flower Road”ဟာ ရှေ့သီတင်းပတ်အတွင်း ဒုတိယနေရာမှာ ရပ်တည်နေခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ တတိယနေရာကို ကျရောက်သွားတာဖြစ်ပါတယ်။

“TWICE”ဟာ နောက်ဆုံးထုတ်လွှင့်ထားတဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ ခေါင်းစီးတေး “What Is Love?”နဲ့ စံချိန်သစ်တင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒါကကတော့ ယူကျူပေါ်မှာ ကြည့်ရှုသူ ပရိသတ် သန်း ၄၀ ကို အချိန်အတိုဆုံးရရှိခဲ့တဲ့ တေးဂီတအဖွဲ့ ဖြစ်လာခဲ့တာပါ။ ယခင်ကလည်း “TWICE”ကပဲ နေရာယူထားခဲ့တာ ဖြစ်ပေမယ့် လက်ရှိမှာတော့ ပိုမိုတိုတောင်းတဲ့ အချိန်အတွင်း ပရိသတ် သန်း ၄၀ ရရှိခဲ့တာကြောင့် စံချိန်သစ်ဖြစ်ခဲ့တာပါ။

ယခင်က “ TWICE”ဟာ “Likey”တေးသီချင်းနဲ့ စံချိန်သစ်တင်ခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းနဲ့ စတင်ထုတ်လွှင့်ပြီးနောက် ခြောက်ရက်နဲ့ ၁၇ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၄၀ ရရှိခဲ့တာဖြစ်ပါတယ်။ “ What is Love?”ကတော့ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်နဲ့ ကိုးနာရီအတွင်း ပရိသတ် သန်း ၄၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။



# ချစ်သူတွေဖြစ်ကြောင်း ဝန်ခံလိုက်ပြီး ပထမဆုံးအကြိမ် ပွဲတက်လာတဲ့ ဆွမ်မန်းဒပ်စ်နဲ့ ဟေးလေးဘော်ဝင်

နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဆွမ်မန်းဒပ်စ်နဲ့ ကျော်ကြားတဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲနေကြပြီး နှစ်ဦးသားချိန်းဆိုတွေ့ဆုံခဲ့ကြတဲ့ ပုံရိပ်တွေဟာလည်း မီဒီယာစာမျက်နှာတွေပေါ်မှာ ပေါ်ထွက်လာခဲ့တာ တွေ့ရပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးကတော့ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသလို အနုပညာနဲ့သက်ဆိုင်တဲ့ အခမ်းအနားတွေမှာလည်း အတူတွဲဖက်တက်ရောက်တာ မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် လတ်တလောကျင်းပခဲ့တဲ့ “Met Gala” မှာတော့ အတူလက်တွဲကာ ပွဲတက်လာတာကို တွေ့ခဲ့ရကြောင်း ဟောလိဝုဒ်မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၇ ရက်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ အနုပညာရှင်တွေ တွေ့ဆုံကြတဲ့ပွဲမှာတော့ ဆွမ်မန်းဒပ်စ်က ကော်ဇောနီပေါ် ချစ်သူလက်ကိုတွဲကာ တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီလို ပထမဆုံးအကြိမ် ချစ်သူတွေအဖြစ် တရားဝင်ပွဲတက်လာတဲ့ သူတို့နှစ်ဦးဟာ မီဒီယာတွေနဲ့ တက်ရောက်လာသူတွေကို အထူးဆွဲဆောင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ငယ်ရွယ်တဲ့ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆွမ်မန်းဒပ်စ်နဲ့ ဟေးလေးဘော်ဝင်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက စတင်ပြီး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ပထမဆုံးအကြိမ် မီဒီယာစာမျက်နှာပေါ် ရောက်လာခဲ့တာကတော့ ပြီးခဲ့တဲ့ ဟောလိုးဝင်းနေ့မှာ အတူတွဲကာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် ဟေးလေးဘော်ဝင်ရဲ့ ဟောလိုးဝင်းပါတီကိုလည်း ဆွမ်မန်းဒပ်စ်က တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း နှစ်ဦးသားအတူတွဲကာ ခရီးထွက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလို လပေါင်းများစွာ လက်တွဲခဲ့ကြပြီးတဲ့နောက် လတ်တလောမှာတော့ တရားဝင်လက်တွဲကာ အခမ်းအနားတက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

ဟေးလေးဘော်ဝင်ဟာ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်သူ ဂျက်စတင်ဘီဘာနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးပါတယ်။ ဒ့ါအပြင် ဒရိတ်ခ်နဲ့လည်း ဇာတ်လမ်းတွေရှိခဲ့သူပါ။ ဆွမ်မန်းဒပ်စ်ကတော့ “HAVANA”တေးသံရှင် ကမ်မီလာကပ်ဘဲလိုနဲ့ ဂီတခရီးတစ်လျှောက်အကြိမ်များစွာ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဦးစလုံးကတော့ သူတို့နှစ်ဦးဟာ သာမန်မိတ်ဆွေတွေသာဖြစ်တယ်လို့ တုံ့ပြန်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် စုစည်းသည်

# ဟောလိဝုဒ်ကြယ်ပွင့်များနှင့် ၂၀၁၈ တွေ့ဆုံပွဲည

ပြီးခဲ့တဲ့ မေ ၇ ရက် ညနေပိုင်းက နယူးယောက်မှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွက် ဟောလိဝုဒ်အနုပညာရပ်ဝန်းမှာ လှုပ်ရှားနေကြတဲ့ အနုပညာရှင်တွေ စုပေါင်းတွေ့ဆုံပွဲကို တက်ရောက်လာကြတဲ့ ကြယ်ပွင့်တွေရဲ့ ဖက်ရှင်ဒီဇိုင်းတွေအနက် ထူးခြားတဲ့ဝတ်စုံကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။


ဂီဂီဟာဒစ်။

ရီဟားနား။



ကတ်တီပါရီ။

ဘလိတ်ခ်လိုက်ဗလီ။



အရီရန်နာဂရန်းဒ်။

ကန်ဒဲလ်ဂျန်နာ။


ကြေးမုံ

# သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး နည်းပညာပေးလုပ်ငန်းများနှင့် ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၇ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး နည်းပညာပေးဆွေးနွေးပွဲသို့တက်ရောက်ပြီး ဒေသခံတောင်သူများအား အထွက်နှုန်း တိုးတက်ရေး၊ တစ်သီးစားမှ သုံးသီးစားသို့ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးကာ တောင်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဂျိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ ယခင်ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင်ခြင်းမှ လျှပ်စစ်ဖြင့် မြစ်ရေတင်လုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က တည်ဆောက်ပြီးစီးခဲ့ရာ ယခုနှစ်မှစ၍ ဧက ၆၀၀ ရေပေးဝေနိုင်မည့်အခြေအနေများကို ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က သတ်မှတ်ထားသောစိုက်ဧကများ ရရှိစိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် တောင်သူများ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး ဂျိုင်းမြစ်မှ မော်တာများဖြင့် ရေတင်နေမှုကို ကြည့်ရှုခဲ့သည်။




ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ငါးတိုင်ကျေးရွာ၌ ကျင်းပသော မြေဆီလွှာ အာဟာရဖြည့်တင်းခြင်းနှင့် သစ်စိမ်းမြေဩဇာ အသုံးပြုခြင်း နည်းပညာပေးသရုပ်ပြပွဲကို လည်းကောင်း၊ ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်သော မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို လည်းကောင်း တက်ရောက်အားပေးကာ တောင်သူများကိုယ်တိုင်လက်တွေ့လုပ်ဆောင်ကြ၍ အမှန်တကယ် အကျိုးရှိစေရေးနှင့် ဝင်ငွေတိုးတက်စေရေး သီးနှံစိုက်စွမ်းအားမြှင့်တင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အမှိုက်များရှင်းလင်း

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မေ ၈**

ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ ရောက်ရှိလာသဖြင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးအတွက် ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ရပ်ကွက်အတွင်းအမှိုက်များကို လိုက်လံကောက်ယူခြင်းကို မေ ၇ ရက် နံနက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၅၈) ရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ အပိုင်း (၁၊ ၂၊ ၃) လမ်းအလိုက် အမှိုက်သရိုက်များကို လိုက်လံကောက်ယူသိမ်းဆည်းခဲ့သည်။

ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်အတွင်း ရေနုတ်မြောင်းရှိ အမှိုက်သရိုက်များ ဆယ်ယူခြင်းကို မေ (၇၊ ၈၊ ၉) သုံးရက်ဆက်တိုက် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ထိုသို့လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်က လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက အမှိုက်သိမ်းယာဉ်ဖြင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**၅၁၂**

## မြောက်ဦးတွင် လမ်းပြကြယ် စာကြည့်တိုက်ဖွင့်

**မြောက်ဦး မေ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု ဂျင်ချေကျေးရွာတွင် လမ်းပြကြယ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်သစ် ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်ဦးစီးမှူး ဦးတင်ရွှေက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် စာများများဖတ်ရှုပြီး စာပေလေ့လာဖတ်ရှုကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ကျေးရွာစာကြည့်တိုက်အတွက် ခရိုင်ဦးစီးမှူးကသုတ၊ ရသ စာအုပ်စု စာစောင်များအား စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်လှသိန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ **မြောက်ဦး(ပြန်/ဆက်)**

## စမတ်တီဗွီနှင့်ချိတ်ဆက်အသုံးပြုနိုင်သည့် Soundbar တစ်မျိုး Google နှင့် JBL တို့ ပူးပေါင်းထုတ်လုပ်

စပီကာတစ်ခုအနေဖြင့် သာမက စမတ်တီဗွီနှင့်ချိတ်ဆက်ကာ ရုပ်သံများ ကြည့်ရှုနိုင်သော Soundbar တစ်မျိုးကို Google နှင့်ပူးပေါင်းကာ JBL ကဖန်တီးထုတ်လုပ်လိုက်ပြီဟု သိရသည်။ JBL Link Bar ဟု အမည်ပေးထားသော ၎င်း Soundbar တွင် ထိန်းချုပ်စေခိုင်းနိုင်ရန် Google Assistant နည်းပညာထည့်သွင်းပေးထားကာ အသံဖြင့် ထိန်းချုပ်စေခိုင်းမှုများ ပြုလုပ်နိုင်ပြီး ရီမုတ်ခလုတ်ပါဝင်ခြင်းမရှိဟု သိရသည်။ ၎င်း၏ လုပ်ဆောင်မှု အသေးစိတ် အချက်အလက်များကို တရားဝင်ထုတ်ပြန်ကြေညာခြင်းမျိုး မရှိသေးဘဲ ယခုနှစ် ဆောင်းရာသီတွင် စတင်ရောင်းချပေးသွားမည် ဖြစ်ကြောင်း Google မှ ပြောကြားခဲ့သည်ဟု သိရသည်။

အဆိုပါ Soundbar တွင် Android TV စနစ်ပါဝင်ပြီး စမတ်တီဗွီများနှင့်ချိတ်ဆက်ကာ သီချင်းဖွင့်နိုင်ခြင်း၊ ရုပ်သံများ ကြည့်ရှုနိုင်ခြင်းနှင့် အင်တာနက်ချိတ်ဆက် အသုံးပြုမှုစနစ်ပါဝင်သောကြောင့် သတင်းအချက်အလက်များ၊ မိုးလေဝသအခြေအနေများကိုပါ မေးမြန်းကြည့်ရှုနိုင်မည်ဟု ဆိုသည်။ စမတ်တီဗွီများအပြင် အခြားအိမ်သုံးစမတ် အီလက်ထရွန်နစ်ပစ္စည်းများနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်ကာ အသံထွက်အထူးကောင်းမွန်စေရန် ဖန်တီးပေးထားပြီး ရုပ်ရှင်ကြည့်ရှုခြင်းနှင့် သီချင်းနားထောင်ရန်အတွက် အသင့်တော်ဆုံး Soundbar တစ်မျိုးဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။



နည်းပညာများ တိုးတက်ပြောင်းလဲလာသည့်နောက်တွင် ၎င်းကဲ့သို့ စမတ်အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများကို နာမည်ကျော် အီလက်ထရွန်နစ်လုပ်ငန်းများနှင့် မိုဘိုင်းဖုန်းကုမ္ပဏီများပူးပေါင်းကာ ထုတ်လုပ်ရောင်းချလာနေကြပြီး ယခုနှစ်အတွင်း စမတ်အိမ်သုံး အီလက်ထရွန်နစ်ပစ္စည်းအများအပြား အသစ်ထပ်မံထွက်ပေါ်လာနိုင်ကြောင်းလည်း သိရသည်။ **ဇာဏီ**

## ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်

**ကျောက်တန်း မေ ၈**

ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ကမ်းနားပရိယတ္တိကျောင်း၌ မေ ၆ ရက် နံနက် ၈ နာရီက ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း ပထမအကြိမ် ဓမ္မစကူးမူလတန်းအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာ၊ ရန်ကုန်တိုင်းဒေသကြီး ဓမ္မစကူးကော်မတီတွဲဖက်အတွင်းရေးမှူးဆရာတော်နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းဆရာများတက်ရောက်ကြကာ မေ ၆ ရက်မှ မေ ၁၂ ရက်ထိ သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းသား ၆၀ တက်ရောက်ကြောင်း သိရသည်။ **နီးတူး(ကျောက်တန်း)**

## Kia မော်တော်ယာဉ်လုပ်ငန်းက လျှပ်စစ်စွမ်းအင်သုံး Crossover ကားအမျိုးအစားသစ် စတင်ဖန်တီးနေ



Niro EV ဟုအမည်ပေးထားသော Crossover အမျိုးအစား ကားသစ်တစ်မျိုးကို ပြီးခဲ့သည့် Consumer Electric Show တွင် မိတ်ဆက်ပြသခဲ့ပြီးနောက် ယခုအခါ ဈေးကွက်အတွင်းစတင်ရောင်းချရန် Kia မော်တော်ယာဉ်ကုမ္ပဏီက ထုတ်လုပ်မှုများစတင်နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ကားမှာ လျှပ်စစ်စွမ်းအင်သုံး ကားအမျိုးအစားဖြစ်လာမည်ဖြစ်ကာ Kia မော်တော်ယာဉ်ကုမ္ပဏီ၏ ပထမဆုံးထုတ်လုပ်သည့် Crossover ကားအမျိုးအစားလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Niro EV လျှပ်စစ်ကားတွင် 64kWh ဘက်ထရီ ထည့်သွင်းပေးထားမည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာ ဝယ်ယူလိုသူများအတွက် 39.2kWh ဘက်ထရီ ထည့်သွင်းပေးထားသည့် အမျိုးအစားကိုလည်း ရရှိနိုင်မည်ဖြစ်သည်ဟု သိရသည်။ 64kWh ဘက်ထရီ တပ်ဆင်ထားသည့် အမျိုးအစားမှာ တစ်ကြိမ်အားသွင်းထားလျှင် မိုင် ၂၈၀ ခန့် မောင်းနှင်နိုင်မည်ဖြစ်ကာ 39.2kWh ဘက်ထရီတပ်အမျိုးအစားတွင် မိုင် ၂၃၀ ခန့်သာ မောင်းနှင်နိုင်မည်ဟု ဆိုသည်။

ကားအတွင်းပိုင်း အဆင့်မြင့်နည်းပညာစနစ်များ ထည့်သွင်းပေးသွားမည်ဖြစ်ပြီး အမျိုးအစားနှစ်မျိုး၏ ဈေးနှုန်းကွာခြားမှုအရ ပါဝင်သည့်နည်းပညာစနစ်များ အနည်းငယ်ပြောင်းလဲသွားဖွယ်ရှိကာ အဆင့်မြင့် Crossover ကားများတွင် ပါဝင်သော အတွင်းခန်းအပြင်အဆင်များနှင့် မောင်းနှင်ထိန်းချုပ်မှုစနစ်များ များစွာကွာခြားသွားခြင်းမရှိစေဘဲနှင့် Google Assistant ကဲ့သို့ အသံဖြင့် ထိန်းချုပ်စေခိုင်းနိုင်သည့်စနစ်များလည်း ပါဝင်နိုင်ဖွယ်ရှိကြောင်းသိရသည်။

ဈေးနှုန်းနှင့် အသေးစိတ်အချက်အလက်များကို တရားဝင်ကြေညာခြင်းမရှိသေးဘဲ မိတ်ဆက်ပွဲတွင် ပြသခဲ့သည့်အတိုင်း လှပသည့်ကားပုံစံဒီဇိုင်းဖြင့် ထွက်ပေါ်လာမည်ဖြစ်ပြီး 5G ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက် အသုံးပြုနိုင်မှုကဲ့သို့ အဆင့်မြင့်နည်းပညာများ ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ ALEX

## နှစ် (၇၀) ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား မယ်စဲ့မြို့၌ကျင်းပ

**မယ်စဲ့ မေ ၈**

“လူတိုင်းအတွက်အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ” ဟူသောဆောင်ပုဒ်နှင့်အညီ နှစ် (၇၀) ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မေ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီယာယီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူထံမှ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် တစ်နှစ်တာလုပ်ငန်း စွမ်းဆောင်ရည်ဆု ရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများတက်ရောက်ခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

## လက်မှတ်ခွဲတမ်းနည်းပါးမှု၊ ဟိုတယ်ဈေးနှုန်းမြင့်တက်မှုတွေနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ

ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက် ရီးယဲလ်မက်ဒရစ်နဲ့ လီဗာပူးအသင်းတို့ဟာ လက်မှတ်ခွဲတမ်း ၁၆၅၀၀ ကျော်သာရရှိကြတာကြောင့် နှစ်ဖက်အသင်း တာဝန်ရှိသူတွေက စိတ်ဆိုးဒေါသ ဖြစ်နေသလို ချန်ပီယံလိဂ်ည (မေ ၂၆ ရက်ည) အတွက် တစ်ညတည်းခိုစရိတ်မှာ ပေါင် ၁၄၀၀ အထိ မြင့်တက်နေတယ်လို့ သိရှိရပါတယ်။



ချန်ပီယံလိဂ် ဗိုလ်လုပွဲယှဉ်ပြိုင်မယ့် ကိဗ်ကွင်းမှာ ပရိသတ် ၇၀၀၀၀ ကျော်အထိဆံ့ပေမယ့် ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်) က ကွင်းလုံခြုံရေးအတွက် ထိုင်ခုံ အရေအတွက် ၆၃၀၀၀ သာ ရောင်းချဖို့ ဆုံးဖြတ်ခဲ့သလို ဗိုလ်လုပွဲရောက် အသင်းတစ်သင်းစီကိုလည်း လက်မှတ်ခွဲတမ်း ၁၆၅၀၀ ကျော် ( တိတိကျကျ ဆိုရရင် ၁၆၆၂၆) နှစ်သင်းပေါင်း ၃၃၂၅၂ ကိုသာ ပေးဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျန်လက်မှတ်များကို အိမ်ရှင်ပရိသတ်များက အဓိကဝယ်ယူခွင့် ရရှိမှာဖြစ်ပြီး ဧည့်သည်ပရိသတ်များအတွက် လက်မှတ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။

ဒီလက်မှတ်ခွဲတမ်းရရှိမှုက လူ ၇၀၀၀၀ ဆံ့ ကိဗ်မြို့ အိုလီပင်စကီကွင်းရဲ့ လေးပုံတစ်ပုံစာသာ ရှိတဲ့အတွက် ဗိုလ်လုပွဲကို လိုက်ပါအားပေးလိုတဲ့ နှစ်ဖက်အသင်း ပရိသတ်အင်အားနဲ့ နှိုင်းယှဉ်ရင် မမျှမတဖြစ်နေပါတယ်။ ဒါ့အပြင် ပရိသတ်တွေက ဝေစုရ လက်မှတ်အရေအတွက်ရဲ့ ၆၃ ရာခိုင်နှုန်းကိုသာ ဝယ်ယူခွင့်ရရှိမှာဖြစ်ပြီး တစ်ရာသီလုံးစာ လက်မှတ်ဝယ်ယူထားသူများက ၂၅ ရာခိုင်နှုန်း၊ ကျန် ၁၂ ရာခိုင်နှုန်းမှာ အသင်းတာဝန်ရှိသူများ၊ လက်ရှိကစားသမားများ၊ ကစားသမားဟောင်းများနှင့် မီဒီယာများအတွက် ဖြစ်ပါတယ်။ လက်မှတ်ခွဲတမ်းနည်းပါးမှုကြောင့် လုံခြုံရေးအတွက် လက်မှတ်ဝယ်ယူနိုင်ခြင်း မရှိတဲ့ ပရိသတ်များအနေနဲ့ မိမိတို့ရဲ့ နေအိမ်မှာ ပွဲကိုကြည့်ရှုအားပေးဖို့နဲ့ ကိဗ်အထိ လိုက်ပါအားပေးခြင်း မပြုဖို့ လီဗာပူးအသင်းက တရားဝင် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

လက်မှတ်ဈေးနှုန်း သတ်မှတ်ရာမှာလည်း နှစ်ဖက်ပရိသတ်များအနေနဲ့ ၄၈ ပေါင်တန်မှ ၃၉၄ ပေါင်အထိ ကျသင့်မှာဖြစ်ပြီး ဝေစုရလက်မှတ်တွေထဲက အဆင့် (၁) သတ်မှတ်ထားတဲ့နေရာအတွက် ခြောက်ရာခိုင်နှုန်း၊ အဆင့် (၂) သတ်မှတ်ထားတဲ့ နေရာအတွက် ၂၇ ရာခိုင်နှုန်း၊ အဆင့်(၃) သတ်မှတ်ထားတဲ့ နေရာအတွက် ၅၁ ရာခိုင်နှုန်း၊ အဆင့်(၄) သတ်မှတ်ထားတဲ့နေရာတွေအတွက် ၁၆ ရာခိုင်နှုန်းတို့ သတ်မှတ်ထားပါတယ်။

ယူအီးအက်ဖ်အေက အထူးအစီအစဉ်တစ်ရပ်အနေနဲ့ လူကြီး၊ ကလေးနှစ်ယောက်တွဲ လက်မှတ်တွေကို ရောင်းချပေးသွားမှာဖြစ်သလို အဆင့် (၃) အတန်းမှာ အနိမ့်ဆုံး ၁၁၂ ပေါင်မှစပြီး ရောင်းချပေးဦးမှာဖြစ်ပါတယ်။ လက်မှတ်ခွဲတမ်းဝေစုချပေးမှု နည်းပါးခြင်းကြောင့် မှောင်ခိုဈေးကွက်ကြီးထွားလာဖို့ သေချာသလောက်ရှိနေတဲ့အပြင် ဟိုတယ်တည်းခိုခန်းခတွေကလည်း တစ်ညပေါင် ၁၄၀၀ အထိ ဈေးတက်နေတာကြောင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကြည့်ရှုခွင့်ဟာ ငွေကြေးပြည့်စုံလွန်းတဲ့ ပရိသတ်တွေအတွက် သက်သက်ဖြစ်နေတဲ့ ပွဲစဉ်တစ်ခုဖြစ်လာခဲ့ပါပြီ။

## ဖီဖာဥက္ကဋ္ဌနဲ့ ကမ္ဘာ့ဖလားအငယ်စားအိပ်မက်

ဖီဖာ( ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)ဥက္ကဋ္ဌ အင်ဖန်တီနိုဟာ ဘောလုံးလောကနဲ့ ပတ်သက်တဲ့ စိတ်ကူးသစ်တွေ မကြာခဏ ချပြလေ့ရှိသူဖြစ်ပြီး သူ့ရဲ့ ၂၀၂၆ ကမ္ဘာ့ဖလားပုံစံသစ်အိပ်မက်ဟာ လာမယ့်အနာဂတ်မှာ သေချာပေါက်ဖြစ်လာတော့မှာဖြစ်ပါတယ်။ ခုလည်း အင်ဖန်တီနိုက Final 8 လို့ အမည်ပေးထားတဲ့ ကမ္ဘာ့ဖလားအငယ်စားပြိုင်ပွဲတစ်ခုကို ကျင်းပသွားဖို့ အဆိုပြုထားပြန်ပါတယ်။

ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းပါဝင်မှာဖြစ်ပြီး ဥရောပတိုက်မှ အသင်းသုံးသင်း၊ တောင်အမေရိကမှ အသင်းနှစ်သင်းနဲ့ ကျန်တိုက်တစ်တိုက်စီ (အာရှတိုက်၊ မြောက်အမေရိကတိုက်၊ အာဖရိကတိုက်၊ မှတ်ချက်၊ ဩစတြေးလျတိုက်ရှိ ဩစတြေးလျအသင်းမှာ အာရှဇုန်တွင် ပါဝင်ယှဉ်ပြိုင်) မှ အသင်းတစ်သင်းစီပါဝင်ရန် ယေဘုယျလျာထားတယ်လို့ သိရပါတယ်။ အင်ဖန်တီနိုက ဒီပြိုင်ပွဲကို ကမ္ဘာ့ဖလားမတိုင်မီ ကျင်းပလေ့ရှိတဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲနေရာမှာ အစားထိုးကျင်းပဖို့ ရည်ရွယ်အဆိုပြုခဲ့တာဖြစ်ပါတယ်။ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဟာ ကမ္ဘာ့ဖလားမတိုင်မီ တစ်နှစ်အလိုမှာ လေးနှစ်တစ်ကြိမ် ကျင်းပနေကျဖြစ်ပါတယ်။ Final 8 ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်ကစပြီး နှစ်နှစ်တစ်ကြိမ်နဲ့ အောက်တိုဘာ( သို့မဟုတ်) နိုဝင်ဘာလတွေမှာ ကျင်းပသွားဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။

အင်ဖန်တီနိုကတော့ သူအဆိုပြုထားတဲ့ ဒီပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ ၁၂နှစ်စာ ဒေါ်လာ ၂၅ ဘီလီယံ ပံ့ပိုးပေးမယ့် ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ အသင့်ရှိနေတယ်လို့ ဆိုထားပြီး ဒီအဆိုပြုချက်ကို ဖီဖာကောင်စီက မကြာမီကာလအတွင်း အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။

## ဘာစီလိုနာရဲ့အောင်မြင်မှုကို မှေးမှိန်စေဖို့ကြိုးပမ်းမယ့် ရာမို့စ်

ဒီနှစ်ဘောလုံးရာသီမှာ နာမည်ကြီး ရီးယဲလ်မက်ဒရစ်က ပြည်တွင်းဖလားနှစ်လုံးဖြစ်တဲ့ လာလီဂါရော ကိုပါဒယ်ရေးဖလားမှာရော ဘာစီလိုနာအသင်းကို မယှဉ်နိုင်ခဲ့ဘဲ လာလီဂါချန်ပီယံဘွဲ့ကို ဘာစီလိုနာအသင်းထံ စောစောစီးစီး လက်လွှဲပေးခဲ့ရပါတယ်။ လာလီဂါမှာဆို ရမှတ် ၁၅ မှတ်အထိ ပြတ်ကျန်ခဲ့သလို ကိုပါဒယ်ရေးဖလားမှာလည်း ကွာတားအဆင့်ကပဲ ထွက်ခဲ့ရတာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲက လွဲရင် ရီးယဲလ်ဟာ ဘာစီလိုနာအသင်းကို ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲထက် ၃၈ပွဲ ယှဉ်ပြိုင်ရတဲ့ လာလီဂါမှာ ဗိုလ်စွဲဖို့ပိုခက်တယ်လို့ ဆိုခဲ့ပါတယ်။ ရီးယဲလ်အသင်းနည်းပြ ဇီဒန်းနဲ့ အသင်းခေါင်းဆောင် ရာမို့စ်တို့နှစ်ဦးလုံးက အယ်လ်ဂလက်စီကို ပွဲစဉ်မစတင်မီ လာလီဂါချန်ပီယံ ဖြစ်ခဲ့တဲ့ ဘာစီလိုနာအသင်းကို ဂုဏ်ပြုကြိုဆိုပေးမှာ မဟုတ်ကြောင်း ဆိုထားခဲ့ကြပြီးဖြစ်သလို ရာမို့စ်က ဘာစီလိုနာရဲ့ ပြည်တွင်း အောင်မြင်မှု မှေးမှိန်သွားစေဖို့ ရီးယဲလ်က ချန်ပီယံလိဂ်ဖလားကို အရယူမယ်လို့ ကြွေးကြော်သွားခဲ့တာပါ။

ရာမို့စ်က "ဘာစီလိုနာအသင်းအနေနဲ့ တစ်ရာသီတည်း ဖလားနှစ်လုံး ရရှိခဲ့လို့ သူတို့အတွက် ထူးခြားတဲ့ ရာသီပါ။ ဒါပေမယ့် ကျွန်တော်တို့အသင်း(ရီးယဲလ်)သာ ချန်ပီယံလိဂ်မှာ ဗိုလ်စွဲမယ်ဆိုရင် ဒီဖလား နှစ်လုံးအတွက် စတေးခဲ့ရတာ တန်သွားပါလိမ့်မယ်" လို့ ဆိုသွားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ၂၀၁၄ ခုနှစ်မှာ ချန်ပီယံလိဂ်ဖလားကို ပြန်လည်ရယူနိုင်ခဲ့ပြီး နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲကို ဆက်တိုက်လွှမ်းမိုးခဲ့ကာ ငါးနှစ်အတွင်း ဗိုလ်လုပွဲလေးကြိမ် တက်ရောက်နိုင်ခဲ့သလို သုံးကြိမ်တိုင်တိုင် ချန်ပီယံဖလားကိုင်မြှောက်နိုင်ခဲ့ပြီးတဲ့ အသင်းဖြစ်ပါတယ်။ ရီးယဲလ်အသင်းရဲ့ နောက်ထပ်မှတ်တမ်းကောင်းတစ်ရပ်ကတော့ ဗိုလ်လုပွဲ တက်ရောက်နိုင်တိုင်း ရှုံးနိမ့်ခြင်းမရှိခဲ့ဘဲ အောင်ပွဲခံနိုင်တာကြောင့် ရီးယဲလ်နဲ့ ဒီနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ တွေ့ဆုံမယ့် လီဗာပူးနည်းပြ ယာဂန်ကလော့ပ်က အတွေ့အကြုံပိုင်းမှာ ရီးယဲလ်ကို မယှဉ်နိုင်ဘူးလို့ ဝန်ခံခဲ့ပါတယ်။



## စီရိုနယ်လ်ဒိုကို သွယ်ဝိုက်ထိခိုက်စေခဲ့တဲ့ မော်ရင်ဟို

မန်ယူနည်းပြ မော်ရင်ဟိုက သူ့ဆရာဖြစ်တဲ့ ဆာဘော်ဘီရော့ဘ်ဆန်အကြောင်း ရိုက်ကူးတဲ့ မှတ်တမ်းရုပ်ရှင်မှာ ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒိုနဲ့ ပတ်သက်တဲ့ မှတ်ချက်ပြုခဲ့ရာမှာ သူနဲ့ ဆက်ဆံရေးအဆင်မပြေခဲ့တဲ့ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို သွယ်ဝိုက်ပြီး နှိပ်ကွပ်ခဲ့တာကို တွေ့ရပါတယ်။ မော်ရင်ဟိုက "အကောင်းဆုံး ရိုနယ်လ်ဒိုက ရိုနယ်လ်ဒိုနာဇရီယိုပါ၊ သူက အကောင်းဆုံးဘောလုံးသမားဖြစ်ပါတယ်၊ ကျွန်တော်တို့နဲ့ လက်တွဲခဲ့တဲ့နှစ်ဟာ သူ့ရဲ့ အကောင်းဆုံးနှစ်ဖြစ်ပါတယ်၊ သူနဲ့ ဘော်ဘီရော့ဘ်ဆန်တို့ကလည်း သားအဖတွေလိုပါပဲ" လို့ ဆိုခဲ့တာဖြစ်ပါတယ်။



အင်တာမီလန်အသင်းကို ရိုနယ်လ်ဒိုမပြောင်းမီ ဘာစီလိုနာအသင်းမှာ ကစားနေတဲ့ကာလအတွင်း မော်ရင်ဟိုက ဘော်ဘီရော့ဘ်ဆန်ရဲ့ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်နေခဲ့တာဖြစ်ပါတယ်။ ဘရာဇီးသား ရိုနယ်ဒိုရဲ့ အကောင်းဆုံး ခြေစွမ်းကို ဘာစီလိုနာအသင်းမှာ ကစားစဉ်က မြင်တွေ့ခဲ့ကြရပြီး အသက် ၂၀ အရွယ် တိုက်စစ်မှူးက ၄၉ ပွဲတွင် ၄၇ ဂိုး သွင်းယူနိုင်ခဲ့ကာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို နှစ်ကြိမ် ရယူခဲ့ဖူးတာဖြစ်ပါတယ်။

မော်ရင်ဟိုရဲ့ ဒီစကားက သူ ရီးယဲလ်အသင်းကို ကိုင်တွယ်စဉ် ၂၀၁၃ ခုနှစ်က ဆက်ဆံရေး ပြိုကွဲခဲ့တဲ့ ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုကို သွယ်ဝိုက်နှိပ်ကွပ်ခဲ့တယ်ဆိုတာ သိသာပြီး ဘရာဇီးသား ရိုနယ်လ်ဒိုရော ပေါ်တူဂီ သားရိုနယ်လ်ဒိုရောဟာ ရီးယဲလ်အသင်းမှာ ကစားခဲ့ဖူးကာ ချန်ပီယံလိဂ်ဖလား လိုချင်လို့ ရီးယဲလ်ကို ပြောင်းလာခဲ့တဲ့ ဘရာဇီးသား ရိုနယ်လ်ဒိုဟာ ရီးယဲလ်အသင်းနဲ့ ချန်ပီယံလိဂ်ဖလား ကိုင်မြှောက်နိုင်ခဲ့ခြင်းမရှိပါဘူး။ လက်ရှိ ရီးယဲလ်ရဲ့ အတောက်ပဆုံး ကြယ်ပွင့်စီရိုနယ်လ်ဒိုကတော့ ရီးယဲလ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ်ရယူခဲ့ဖူးပြီးဖြစ်ကာ ယခုနှစ်ဘောလုံးရာသီမှာလည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် ရီးယဲလ်တစ်သင်းတည်းနဲ့ပဲ ချန်ပီယံလိဂ်ဖလားလေးကြိမ် ကိုင်မြှောက်နိုင်မယ့် လမ်းကြောင်းပေါ် ရောက်နေပြီဖြစ်သလို မန်ယူအသင်းနဲ့လည်း ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ရယူခဲ့ဖူးထားတာကြောင့် လက်ရှိဘောလုံး လောကမှာ ချန်ပီယံလိဂ်ဖလားကို အများဆုံးကိုင်မြှောက်နိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ဖို့ နီးစပ်နေပြီဖြစ်ပါတယ်။

မေလှဲ့သင်း - ရေးသားသည်

iMyanmarHouse.com အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း

မှ ကြီးမှူးကျင်းပမည့် (၈) ကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေအရောင်းပြပွဲကြီး




(၂၅) နှစ်
အရစ်ကျ



ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ် နှင့် ရိုးမဘဏ် တို့ ပါဝင်ပြသမှာဖြစ်ပြီး အိမ်ရာချေးငွေများကို ပြပွဲအတွင်း တစ်ထိုင်တည်း လျှောက်ထားနိုင်ပါပြီ။

ပြပွဲ (၃) ရက်အတွင်း အိမ်ခြံမြေ ရောင်းမှား၊ ဝယ်မှား မဖြစ်အောင် နှင့် အိမ်ခြံမြေ သိကောင်းစရာများကို ပညာရှင်ပေါင်းများစွာမှ ဟောပြောပေးသွားပါမည်။

ပြပွဲသို့ တက်ရောက်လာသူများအား TV, Phone, Tablet အစရှိသော ဆုမဲပေါင်းများစွာကို ကံစမ်းမဲဖောက်ပေးပါမည်။

- ❖ ကျပ်သိန်း (၂၀၀) ကျော်မှ စသော တိုက်ခန်းများ၊
- ❖ ကျပ်သိန်း (၅၀၀) ကျော်မှ ကျပ်သိန်း (၅၀၀၀) အထိ ကွန်ဒိုပေါင်းများစွာကို
- ✓ (၁) နှစ်မှ (၂၅) နှစ်အထိ အရစ်ကျစနစ်များ၊
- ✓ အထူးလျှော့ဈေးနှုန်းများဖြင့် (တကယ်တန်အောင်) ရောင်းချပေးမည်။

**နေ့ရက်**
၁၁ ၊ ၁၂ ၊ ၁၃ မေလ ၂၀၁၈ ခုနှစ်
(သောကြာ ၊ စနေ ၊ တနင်္ဂနွေ)

**အချိန်**
နံနက် ( ၉ ) နာရီ မှ ညနေ ( ၅ ) နာရီထိ

**နေရာ**
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

အသေးစိတ်ကြည့်ရန်နှင့် ကြိုတင်စာရင်းပေးရန်

**Main Sponsors:** YOMA Strategic Holdings Ltd. | Golden City

**Diamond Sponsors:** Riverfront Garden | Kanbae Towers | M.K.T Construction Co.,Ltd | NGC | The Leaf Residence | AMPS

**Gold Sponsors:** Nation Light Co.,Ltd | Shwe Paing Htike City | Pinlon Village Residences | SMT | iGREEN | Sanchaung Garden

**Official Banking Partners:** KBZ Bank | AYA Bank | Yoma Bank

မည်သူမဆို အခမဲ့ စာရင်းပေးပြီး အခမဲ့ တက်ရောက်နိုင်ပါသည်။

www.imyanmarhouse.com/expo
Hotline: 09-455294841~5

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒိန်းမတ်သံအမတ်ကြီးနှင့် ဘယ်လ်ဂျီယံသံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ



**နေပြည်တော် မေ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Peter Lysholt Hansen အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသော ဥပဒေများ ပြုပြင်ပြဋ္ဌာန်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး H. E. Mr. Philippe Kridelka အား မွန်းလွဲ ၂ နာရီတွင် လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေပြင်ဆင်ပြဋ္ဌာန်းရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၈**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Lotte ဟိုတယ်၌ ကျင်းပသည်။

မျက်နှာစုံညီအစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က JMC သည် NCA ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စများကို ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သလို မိုင်းရှင်းလင်းရေးလုပ်ငန်းများအပြင် အခြားဆောင်ရွက်စရာရှိသည့် လုပ်ငန်းများလုပ်ဆောင်ရန် ကျန်ရှိနေကြောင်းနှင့် ညှိနှိုင်းဆွေးနွေးဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

အဆိုပါ မျက်နှာစုံညီအစည်းအဝေးကို မေ ၉ ရက်အထိ နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် (JMC-U)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် (JMC-S)၊ ဒေသဆိုင်ရာအဆင့် (JMC-L) တို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ JMC အဆင့်ဆင့်၏ နည်းပညာအထောက်အကူပြု ရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "JMC အဆင့်ဆင့်အနေနဲ့ နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းတွေကြားမှာ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းအောင် ကြိုးစားဆောင်ရွက်ခဲ့တဲ့အတွက် အထိုက်အလျောက် အောင်မြင်မှုရရှိတာကို တွေ့ရပါတယ်။

သို့သော်လည်း တချို့နေရာတွေမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေကြားမှာ အချို့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှုရှိလာတာကို တွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ JMC-S တွေအတွင်းမှာ နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံဖို့ ဆိုပြီးတော့မှ ၁၂ ကြိမ်မြောက် JMC-U အစည်းအဝေးမှာ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီး JMC-S မှာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် လိဒ်ယူနိုက်တက်အသင်း ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် မေ ၈**

AYA Bank Tour 2018 အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ရန် အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက် အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် အမှုဆောင်များ၊ ဧရာဝတီဘဏ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။**(ဝဲပုံ)**

လိဒ်ယူနိုက်တက် အသင်းသည် မြန်မာနိုင်ငံ၌ ငါးရက်ကြာနေထိုင်မည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့၌ ခြေစမ်းပွဲတစ်ပွဲစီ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဒ်ယူနိုက်တက် အသင်းတွင် အမာခံကစားသမားအချို့

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ✳

# အာဆီယံ ယူ-၁၆ အုပ်စု နောက်ဆုံးပွဲ မြန်မာနှင့်ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် မေ ၈**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲအဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာနှင့်ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့်မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုစတုတ္ထပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်တက်ရန် ခုနစ်မှတ်စီရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အခွင့်အရေးအကောင်းဆုံးဖြစ်နေပြီး လေးမှတ်ရထားသည့် မလေးရှားအသင်းမှာလည်း နောက်ဆုံးပွဲတွင် ဗီယက်နမ်ကို ဂိုးပြတ်အနိုင်ရပါက မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် ဖိလစ်ပိုင်ကို အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်ပါ လိုအပ်နေသည်။ အုပ်စု(ခ)တွင် ထိုင်းအသင်းက အုပ်စုပထမ၊ လာအိုအသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ထားပြီးဖြစ်ရာ မြန်မာအသင်းအနေဖြင့် ထိုင်းအသင်းကို ရှောင်လွှဲနိုင်ရန် အုပ်စုပထမရရန် လိုအပ်နေသည်။

**ရဲရင့်ရှိုင်း**

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် – ၈၈/၁၃/၃၈/၁၉၉
TOWARDS THE ENLIGHTENMENT
ZMA
ZMA ESTD 2014
Private High School
အဆင့်မြင့်ကိုယ်ပိုင်အထက်တန်းကျောင်း
http://www.zma.education www.facebook.com/zambudeepaacademy zambudeepaacademy@gmail.com info@zma.education
၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွက် ကျောင်းအပ်လက်ခံနေပါပြီ။
ဒသမတန်း ဒုတိယ အတန်းခွဲ များ မေလဆန်း စမည်။
09-451202121
09-964202121
09-793471278
09-965917986
အမှတ်၆၁ /B ၊သာယာကုန်းလမ်း၊နံ့သာကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်။ (အင်းစိန်အ.ထ.က (၂) ကျောင်းရှေ့တွင်ရှိသည်။)